စိတ်ကူးချိုချိုအေးညာ

စာပေဗိမာန်စာမူဆုရ

မြန်မာ့ဟင်းစားကြက်

အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)

စာပေဗိမာန်စာမူဆုရ

မြန်မာ့ဟင်းစားကြက်

အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)

မြန်မာ့ဟင်းစားကြက်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုသရာဝန်)
စာမျက်နှာ ၁၅၆+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅ ဘပင့်လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ စာပေဝိဟန်ဇာတ်ယထမအကြိမ်မှု၊

ရောင်းဈေး ၂၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချီချီစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

မြန်မာ့ဟာင်းစားကြက်
အောင်စိုး
(တိရစ္ဆာန်ဆေးကုဆရာဝန်)

၁၉၉၈ စာပေဗိမာန်စာမူဆုရ

ဒုတိယအကြိမ် ၂၀၁၈ရ

မာတိကာ

(ဓာတ်ပုံကဏ္ဍ)



အာရှတိုက် ကြက်မျိုးနွယ်



မြန်မာတိုက်ကြက်



အလှမွေးကြက်များ

(ဓာတ်ပုံကဏ္ဍ)

မြန်မာကြက်သားအုပ်မ



အာရှတိုက် တိုင်ရင်ကြက်မျိုး

ကြက်တောင်ပျံ

ကျေးဇူးစကား

မြန်မာ့ဟင်းစားကြက်စာအုပ် ဖြစ်မြောက်ရေးအတွက် အားပေးကူညီ တိုက်တွန်းကြသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည့် အောက်ပါပုဂ္ဂိုလ်များအား ကျေးဇူးစကားဆိုအပ်ပါသည်။

- ဦးမြတ်စိုး၊ စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်
- စာရေးဆရာ မေမြို့မိုးကြည်
- ဦးမောင်မောင်မြင့်၊ စာတည်း (ငြိမ်း) စာပေဗိမာန်
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိများဖြစ်ကြသော ဦးစောလွင် (ပွင့်ဖြူ)၊ ဦးကျော် (မကွေး)၊ ဦးထွန်းလှိုင် (နတ်မောက်)၊ ဦးဝင်းထွတ် (ကြို့ပင်ကောက်)၊ ဦးစိန်ဝင်း (ရေစကြို) နှင့် ဦးလှသန်းအောင် (ပညာရေး)၊ ဦးကျွဲ (ဧီးတောရွာ၊ ပွင့်ဖြူမြို့နယ်)၊ ဦးတင်အေး (မယင်းရွာ၊ ဧီးကုန်းမြို့နယ်)

စာမူသတ်ပုံနှင့် လက်ရေးပြင်ဆင်ပေးသည့်–

ဇနီးသည် ဒေါ်ရီရီဌေး၊ သမီး မွေးနံ့သာ၊ သက်သက်သင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း စကားဆိုအပ်ပါသည်။

❐

နိဒါန်း

စာရေးသူအနေဖြင့် မြန်မာ့ရေမြေတောတောင်၊ မြေပြန့်လွင်ပြင်၊ မြစ်ဝှမ်းများတွင် ကျင်လည်ကျက်စားကြကုန်သည့် သတ္တဝါတို့အကြောင်း ခြင်းရာတို့ကို ရေးသားအားထုတ်ခဲ့ပါသည်။ ထိုရေးသားဖွဲ့ဆိုမှုသည် စာရေးသူအတွက် အထိုက်အလျောက်အောင်မြင်သည်ဟု သုံးသပ်ရမိပါသည်။ စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်များတွင် ၁၉၈၆ ခုနှစ်တွင် မြန်မာ့မြင်းစာမူဖြင့် တတိယဆုကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် မြန်မာ့ဆင်စာမူဖြင့် ပထမဆုရရှိခဲ့ပါသည်။ ဆက်လက်၍ ၁၉၉၅ ခု၊ အမျိုးသားစာပေဆုကိုလည်း မြန်မာ့ဆင်စာအုပ်ဖြင့်ပင်ရရှိပါသည်။ တစ်ဖန် ၁၉၉၄ ခုနှစ်တွင် "မြန်မာ့ကျွဲ၊ မြန်မာ့နွား" စာမူဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် လူငယ်စာပေ ပထမဆုကို တိရစ္ဆာန်ကလေးများအကြောင်း ရေးဖွဲ့ထားသည့် မွေးနံ့သာစာမူဖြင့် ရရှိခဲ့ပါသည်။

ထိုသို့ တိရစ္ဆာန်များအကြောင်းအရာအား ဖွဲ့ဆိုသည်ကို အကြောင်းပြု၍ ဆရာသမား၊ စာပေမိတ်ဆွေအပေါင်းအသင်းများက မြန်မာ့ကြက်–သတ္တဝါအကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ရေးသားပြုစုရန် တိုက်တွန်းအားပေးကြပါသည်။

မြန်မာစာပေနယ်ပယ်တွင် ကြက်နှင့်ပတ်သက်၍ စာပေကျမ်းဂန်မရှိခဲ့ပါ *ရှေးဟောင်းစာပေ၊ ပျို့ကဗျာလင်္ကာများတွင် မြန်မာ့ကြက်အကြောင်းသည် ရှားပါးစာပေစာရင်းဝင်ဖြစ်ပါသည်။ အဿမေဓ (မြင်းတို့အကြောင်း)

ဂဗသ္သတြ (ဆင်ကြန်အင်လက္ခဏာအကြောင်း) စာတို့အပြင်၊ ဂေါဏ–နွား တို့အကြောင်းလည်း စာတိုပေစများကို ဖတ်ရှုလေ့လာခဲ့ဖူးပါသည်။ ကြက် အကြောင်းကိုမူကား အန္ဒိုင်းခံလက်ီအတိုအထွာများနှင့် ရှင်မဟာရဋ္ဌသာရ၏ ကုဏ္ဍဋ္ဌ–ကြက်ကြန်အင်လက်ီတစ်ပုဒ်ကိုသာ စာရေးသူအနေဖြင့် တွေ့ဖူး ပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် မြန်မာလူမျိုးပေါ်ဦးစကပင် မြန်မာ့ ရေမြေတောတောင်တွင် ကျက်စားခဲ့၍ ယနေ့တိုင်ပေါ်လွင်ထင်ရှားနေသည့် ကြက်သတ္တဝါအကြောင်းကို စာရေးဖွဲ့လိုသည့်ဆန္ဒ ပြင်းပြခဲ့ပါသည်။

ကျွန်တော်သည် မြန်မာ့ရေမြေတောတောင် မြစ်ဝှမ်းလွင်ပြင်များ၌ နေထိုင်ကြသည့် မြန်မာ့ကြက်အကြောင်းကို နှစ်အတန်ကြာကပင် လေ့လာ ခဲ့ပါသည်။ ရေးဖွဲ့ရန်အားထုတ်ခဲ့ပါသည်။ သို့သော် စာအုပ်ခေါင်းစဉ်ပေးမှုကို ရွေးချယ်မရ၍ အချိန်ကြာမြင့်ခဲ့ပါသည်။ ထို့ကြောင့်ကြမ္ဘခြင်းရာကို ပြည့် ပြည့်စုံစုံ ရှင်းလင်းတင်ပြလိုပါသည်။

ယနေ့မြန်မာ့စာပေယဉ်ကျေးမှုနယ်ပယ် စကားအသုံးအနှုန်းများကို ဥပမာ၊ ဥပစာများဖြင့်ရေးဖွဲ့ကြသည်။ စကားတစ်လုံး၏ အနက်အဓိပ္ပာယ်မှာ ပေါရာဏဝေါဟာရတို့ထက် ခေတ်ရေစီးကြောင်းအလိုက် အနက်ပြန်ဆိုရာ တွင် အရိပ်ထင်သောအနက်တို့က တစ်မျိုးတစ်ဖုံဖြစ်နေသည်ကို မြန်မာစာပေ လိုက်စားသူတိုင်း သတိပြုရမည့်အချက်များဖြစ်ပါသည်။ စကားတစ်လုံးကို နှစ်ဖက်မြင်ဖွင့်ဆိုကြသည့် ခေတ်သစ်နိသယဆရာများ၏ သြဇာလွှမ်းမိုးမှု နယ်ပယ်ကလည်း ကျယ်ပြန့်လှပါသည်။ ယနေ့မြန်မာစကားတွင် ကြက်– ဘဲဟူသော စကားလုံးဝေါဟာရများသည် မည်သည်ကို ကိုယ်စားပြုတင်စား နေကြသည်ကို ကျွန်တော် အထူးတလည်ရှင်းပြရန်ပင် မလိုအပ်ပါ။

အလျဉ်းသင့်၍ တင်ပြလိုပါသည်။ ကျွန်တော်၏ စာပေတစ်ဆူဖြစ်သူ စာရေးဆရာကြီး မင်းနွယ် (၁၉၁၁–၁၉၉၀) က ကျွန်တော့်ကို သင်ခန်းစာအဖြစ် ပြောပြခဲ့ပါ၏။

ဆရာသည် ၁၉၄၉–၅၁ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းသူများ ကြီး စိုးသည့် ကာလတွင် တိုင်းပြည်အခြေအနေကိုသိလို၍ လေ့လာစာရေးရန် မိမိနေရပ်၊ မင်းဘူးခရိုင်၊ လယ်ကိုင်းမြို့မှနေ၍ မြန်မာပြည်အရပ်ရပ်၊

ရန်ကုန်၊ ပဲခူး၊ ပြည်၊ မိတ္ထီလာ၊ မန္တလေး၊ ချောက်၊ ရေနံချောင်းမြို့များသို့ မီးရထား၊ ကား၊ လေယာဉ်၊ သင်္ဘော၊ မော်တော်၊ လှည်း၊ လှေခြေလျင်ခရီးဖြင့် ခရီးဆန့်၍ ပြည်တွင်းစစ် အနိဋ္ဌာရုံ အတွေ့အကြုံ ရယူခဲ့ပါသည်။

ပြည်တွင်းစစ် မီးတောက်လောင်မှုကြောင့် တိုင်းပြည်ပျက်စီးနေသည့် အပိုင်း၊ စီးပွားပျက် ညီညွတ်မှုပြိုကွဲ၊ တိုင်းပြည် ဝါးအစည်းပြေသကဲ့သို့ အင်အားချို့တဲ့ကာ နိုင်ငံတကာ၏ အကူအညီကိုရပါမည့်အကြောင်း၊ မျက်နှာချိုသွေး၍ တောင်းခံနေရသည့်ဖြစ်ရပ်၊ နိုင်ငံကြီးများက စော်ကားမော်ကားလုပ်နေကြသည်ကို ခေါင်းငုံ့ခံနေရသည့်အပိုင်းတို့ကို ပီပီပြင်ပြင် မီးမောင်းထိုးပြနိုင်သည့် စာအုပ်တစ်အုပ်ကို ဆရာမင်းနွယ် ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။

စစ်ကိုမုန်းတီးသောစာအုပ်၊ ပြည်တွင်းစစ်ကာလ၏ ခရီးသည်မှတ်တမ်းအဖြစ် ရေးသားခဲ့သည်။ သို့သော် စာအုပ်နာမည်ပေးရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ပြုမိန့်ခွန်းတစ်ရပ်ပါ ဖာနိုင်ငံဆိုသည့် စကားတစ်ရပ်ကို နှစ်ခြိုက်ထောက်ခံအားပေးလို၍ ဆရာက စာအုပ်အမည်ကို ဖာနိုင်ငံဟု အမည်ပေးခဲ့ပါသည်။

စာအုပ်လည်း အောင်မြင်ပါ၏။ ကျော်ကြားပါ၏။ ထို့အတူ ဆရာ့အားလည်း ဖာနိုင်ငံ–မင်းနွယ်ဟူ၍ ကင်ပွန်းတပ်ကြပါတော့သည်။ ထိုအမည်ပေးလွှမ်းမိုးမှုက ဆရာ၏ နောင်ရေးလတ္တံ့သော စာပေစာအုပ်များအပေါ် သက်ရောက်မှု ရှိလာပါသည်။ ဆရာပင် စာပေရေးသား အောင်မြင်မှုဘဝကို ခေတ္တမျှ ရပ်တန့်ခဲ့ရကြောင်း၊ ထို့ကြောင့် စာပေနယ်ပယ်တွင် ဝါသနာပါသည့် တပည့် မောင်အောင်စိုးအားလည်း စာအုပ်အမည်ပေးမှု၊ အကြောင်းအရာ ရွေးချယ်ဖွဲ့ဆိုမှုတွင် သတိထားစေလိုကြောင်း ဆုံးမစကားဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ရေးဖွဲ့ရာတွင် ယခင်စာအုပ်များကဲ့သို့ မြန်မာ့ရေမြေတောတောင်တွင် ကျက်စားကြသည့် သတ္တဝါတို့ဖြစ်ခြင်းကြောင့် မြန်မာဟူသော စကားရပ်ကို မူပိုင်လျက်၊ မြန်မာ့မြင်း၊ မြန်မာ့ဆင်၊ မြန်မာ့ကျွဲ၊ မြန်မာ့နွားဟူ၍ ရေးဖွဲ့သည့်နည်းတူ မြန်မာ့ကြက်ဟု အမည်မတပ်ဘဲ မြန်မာ့ဟင်းစားကြက်ဟူ၍ အမည်ပေးခြင်းကို ခွင့်လွှတ်ကြမည်ဟု မျှော်လင့်ပါသည်။

ယနေ့ သတ္တဝါတို့ အစာရှာဖွေသူ မျိုးရိုးဗီဇပညာရှင်တို့က ကမ္ဘာပေါ်တွင် ကြက်အစသည် အာရှတိုက်မှဖြစ်သည်။ အာရှတိုက်တွင် မြန်မာပြည်မှ စသည်ဟု တညီတညွှတ်တည်း ရည်ညွှန်းပြောဆိုနေကြပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် အမည်အမျိုးမျိုး ကွဲပြားနေသည့် မူလအစ၊ ကြက်ရိုင်း (Gallus Gallus) ဟု ခေါ်ဆိုကြသည့် တောကြက် (Fungle Fowl) တို့သည် ယနေ့တိုင် မြန်မာ့ရေမြေတောတောင်တို့တွင် ရှိနေပါသေးသည်။ နိုင်ငံအချို့ တွင် ယဉ်ပါးပြီးသည့် ကြက်ကို ဥစားကြက် (Egg Laying Type) မျိုး၊ အသားစားကြက်မျိုး (Broiler)စသည်ဖြင့် အမျိုးအမည်ကွဲများဖြင့် မွေးမြူ နိုင်ကြသည်။ မြန်မာနိုင်ငံတွင်မူ မူလအစ၊ တောကြက်ရိုင်း (Gallus Gallus)ကိုပင် မပြုမပြင် အိမ်မွေးကြက်၊ ဟင်းစားကြက် (Red Tingle Fowl) အဖြစ် ပြောင်းလဲမွေးမြူနေကြဆဲဖြစ်ပါသည်။

ခေတ်မီတိုးတက်သည့် ကြက်မွေးမြူရေးစနစ်သစ်တွင် မြန်မာတို့၏ ကျေးလက်သဘာဝ ဟင်းစားကြက်မွေးမြူရေးသည် အောင်လံထူနေဆဲဖြစ်ပါသည်။ ယနေ့ မြန်မာတို့ ကြက်သားစားသုံးမှုတွင် ရိုးရာတောလက်ကြက်သည် မွေးမြူရေးကြက်ထက် အသားပိသာ ပိုမိုနေသည်။ ဈေးကွက်တွင်လည်း ဈေးပိုမိုနေပါသည်။

ဥစားကြက်များကဲ့သို့ ခြံလှောင်စနစ်၊ တန်ဖိုးကြီးအစာများ မကျွေးမွေးရဘဲနှင့် လွတ်ကျောင်းစနစ် ကွင်းပြင်များတွင် သဘာဝအစာနှင့် ကြီးပြင်းအောင်မြင်နေသည့် မြန်မာ့ကျေးလက် (ကြက်) သတ္တဝါအကြောင်းကို စာအုပ်အဖြစ်ရေးသားရန် နှစ်အတန်ကြာကပင် အာသီသပြင်းပြ၍ ရှာဖွေစုဆောင်းရေးသားခြင်း အစပြုခဲ့ပါသည်။

ကျွန်တော်ရေးဖွဲ့သည့်စာအုပ်သည် ကြက်မွေးမြူရေးအကြောင်းအရာ ဘာသာရပ်စာပေမဟုတ်ပါ။ မြန်မာကြက်တို့၏ သဘာဝအတိုင်း ပေါက်ပွားနေထိုင်စားသောက်မှု စရိုက်လက္ခဏာများနှင့် ကြက်တို့၏ ခန္ဓာဗေဒ၊ ဇီဝဗေဒဆေးပညာရပ်များကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်းမှ အကြောင်းအရာများကို ပေါင်းစည်းရေးသားထားပါသည်။

မြန်မာနိုင်ငံ၏ လူနေမှုအစကို ရှာဖွေခြင်းသည် အရှေ့တောင်အာရှ သမိုင်းအစကို ရှာဖွေခြင်းမည်သည်ဟု တစ်ချိန်က စာရေးသူတို့ တွေးထင်

ယူဆခဲ့ကြသည်။ ယနေ့ ပုံတောင်ပုံညာက ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်သေအထောက်အထားအရ လူနေမှုသမိုင်းအစသည် မြန်မာနိုင်ငံအစဟု ဆိုရတော့မည်ဖြစ်ပါသည်။ ထို့အတူ လူ့သမိုင်းအစနှင့်အတူ တစ်ပါတည်း ပေါ်ပေါက်ခဲ့သည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး စသည့် ကုန်းနေတိရစ္ဆာန်များ၊ ရေနေသတ္တဝါများ၊ ကောင်းကင်ကျက်စားသည့် သတ္တဝါများ မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်းများစွာကပင် စတင်ပေါ်ပေါက်ခဲ့ရပေမည်။ မြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ငှက်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေမတွေ့၍ တိတိပပ မပြောနိုင်လင့်ကစား၊ ရှာဖွေတွေ့ရှိသည့် ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသမှ တွေ့ခဲ့ပြီဖြစ်သည်။ ထိုတွေ့ရှိခဲ့သည့် ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်း-

- အောက်မေးရိုးကို နှစ်တွက်ပါက လွန်ခဲ့သော နှစ်သန်းနှစ်ဆယ်လွန်
- ပလိုင်အိုဆင်းယုခေတ် (Poliocene Period)တွင် တွေ့ရှိခြင်း ဖြစ်ပါသည်။

ထိုနည်းတူစွာ အထောက်အထား ကျောက်ဖြစ်ရုပ်ကြွင်း မတွေ့ငြားလည်း တောကြက်သတ္တဝါသည် မြန်မာနိုင်ငံတွင် လက်မွန်မကွာကပင် ပေါ်ပေါက်ခဲ့ပြီဟု အဆိုတစ်ရပ်ကို အတည်ပြုလိုပါသည်။

သို့ဖြစ်၍ မြန်မာစာပေနယ်ပယ်တွင် ကွက်လပ်ဖြစ်နေသည့် ကြက်သတ္တဝါ၏ အကြောင်းကို စာရေးသူမှ ဖြည့်ဆည်းဖွဲ့ဆိုပါသည်။

ကျွန်တော်ရေးသားဖွဲ့ဆိုသည့် မြန်မာ့ဟင်းစားကြက်စာအုပ်သည် ပြီးပြည့်စုံ၍ အမှားအယွင်းကင်းစင်သည်ဟု မဆိုနိုင်ပါ။ အကယ်၍ မဖော်ပြမိသည့် အကြောင်းအရာများ ကြွင်းကျန်နေခဲ့ခြင်းနှင့် အမှားအယွင်းရှိနေခြင်းနှင့် အထောက်အထား မပြည့်မစုံခြင်းတို့ကိုတွေ့ရပါက ပညာရှင်များ သုတေသီများအနေဖြင့် ညွှန်ပြပါ၊ ဆက်လက်ပြုစုကြပါဟု ရိုကျိုးမာန်လျော့ တောင်းပန်အပ်ပါသည်။

❒

အခန်း (၁)

မြန်မာ့ဟင်းစားကြက်

* * သန်းခေါင်ယံ ဆောင်ပျံထက်ဆီက၊
ဗလောင်ဆန်အောင် တောင်ပံနှက်ပါလို့၊
ညောင်ကန်ကြက်တွန်သံ ထင်ပ။
* * လင်းကြက်က အတန်ဆောင်ပြီ၊
ဘယ်ဇာတ်တော်လေမှန်းမသိ၊
အခန်းခန်းအထွေထွေ၊
ကနိုင်ကြလေ × × × × ×

ရှေးစာပေပညာရှင်တစ်ဦး ရေးသားသီကုံးခဲ့သည့် အထက်ပါဆိုင်းဆင့်စကားထဲတွင်ပါရှိသည့် သန်းခေါင်ယံအချိန်၌ တွန်ကျူးသည့် ကြက်သတ္တဝါသည် မြန်မာ့ရေမြေ တောတောင်ထဲ၌ တွေ့ရတတ်သည့် ငှက်မျိုးနွယ်သတ္တဝါပင်ဖြစ်ပါသည်။

ဆိုင်းဆင့်စကားလာတို့သည် မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတို့ကို ဖော်ပြတတ်သည်သာမက ကြက်သတ္တဝါသည် မြန်မာတို့၏ ရှေးရိုးစဉ်လာကပင် ပေါက်ဖွားခဲ့သည့်အကြောင်းကို သက်သေခံနေပါသည်။

မြန်မာ့ရေမြေတောတောင်ထဲတွင် နေထိုင်၍ အခြားနိုင်ငံရှိ မျိုးနွယ်တူ သတ္တဝါများနှင့် မတူ၊ သီးခြားစရိုက်လက္ခဏာ၊ အမူအကျင့်ရှိသည့် မြန်မာ့ ဆင်၊ မြန်မာ့မြင်း၊ မြန်မာ့ကျား၊ မြန်မာ့ဥဒေါင်းကဲ့သို့ ကြက်သတ္တဝါသည်လည်း သီးခြားစရိုက်၊ လက္ခဏာ၊ ကိုယ်ခန္ဓာတည်ဆောက်ပုံနှင့် ပတ်ဝန်းကျင်နှင့် ရောနှောနေထိုင်သည့် အလေ့အထများ ကွဲပြားခြားနားစွာရှိပါသည်။ သို့ဖြစ်

ခြင်းကြောင့် မြန်မာ့ကြက်အကြောင်းကို သီးခြားဖွဲ့ဆိုခြင်းသည် ခိုင်ခိုင်မာမာသက်သေပြနိုင်ခြင်း ရှိ၊ မရှိကို ဤစာအုပ်တွင် ဖတ်ရှုလေ့လာဆုံးဖြတ်နိုင်ပါသည်။

(ခ) ကြက် – ဟူသောဝေါဟာရ

ကြက်– ဆိုသည်မှာ မြန်မာစကားစစ်စစ်ဖြစ်ပါသည်။ အခြားတိုင်းတစ်ပါးဘာသာစကားမှ ဆင်းသက်သည့်စကား၊ မွေးစားယူသည့်စကား မဟုတ်ပါပေ။

ဝေါဟာရလိနတ္တ ဒီပနီတွင်မူ ကြက်ဟုခေါ်ဝေါ်ခြင်းကား သက္ကတဘာသာပျက်ဟု မှတ်သားသင့်ကြောင်း အဆိုအမိန့်ရှိပါသည်။

အမရကောသ အဘိဓာန်တွင် စရဏာယုခေါ– ကလိကရာကူဟူ၍ ကြက်ပရိယာယ်ကို ပြဆိုပါသည်။ သဒ္ဒါပုဒ်နေရာတွင် နောက်ဖြစ်သော အက္ခရာကို တံခွန်တင် (သတ်) ၍ ကြက်– ဟု ရေးသည်ဟု ပြဆိုပါသည်။

ကြက်သည် ယက်၍စားတတ်သော ပိတိရ– ငှက်မျိုးတွင် ပါဝင်၍ ကုန်းထွက်ကျက်စားကြောင်း သတ်မှတ်ထားပါသည်။

စရဏာယု၊ ကြက် – ခြေ၌ယက်တတ်သော လက်နက်ရှိခြင်းကြောင့် စရဏာယုစသည် မည်သည်၊ ကြက်ပရိယာယ်လေးပုဒ်ကို ပြဆိုထားပါသည်။

ကုက္ကုဋ္ဌံ ရဝတီတီ ကုက္ကုဋ္ဌော

ဟူ၍ အဘိဓာန်တွင် ပြဆိုပါသည်။ ယင်းအနက်မှာ–

ကုက္ကဋ္ဌ၊ ကုတ်ကုတ်ထွက်ထွက်ဟူသော အသံကို ရဝတီ၊ မြည်တွန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ ကုက္ကုဋ္ဌော၊ ကုက္ကုဋ္ဌ (ဝါ) ကြက်မည်၏– အနက်ဖွင့်ထားသည်ကို မှတ်သားရပါသည်။

ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေမူ– အမရကောသ အဘိဓာန်တွင်မူ၊ သက္ကဋ္ဌစာနှင့် နိသဿပြုရေးသားထားပါသည်။

* * ဣကရာကူး၊ ကြက်
ထွာပြစူးဋ္ဌ၊ ကြက်
ကုက္ကဋ္ဌား၊ ကြက်

မဟာဓေယသခ်ီယာ စာဆိုတော်ကမ္ဘ ကြက်၏ ပရိယာယ်ကို ၂–ပုဒ် ပြဆိုထားပါသည်။

တမ္ပနုဒ္ဓေါ – ကြက်
ကုက္ကုဋ္ဌော – ကြက်

ဟူ၍ဖြစ်ပါသည်။

ဤကရာဟူကြက်ဟုလည်း ခေါ်ဝေါ်ရေးသားကြောင်း ပြဆိုပါသည်။

ဝေါဟာရလိနတ္ထဒီပနီ၊ အပိုဒ် (၂၅၀)။

ယနေ့ မြန်မာနိုင်ငံတွင် ကြက်ကို (၄) မျိုး ခွဲခြားသတ်မှတ်လက်ခံထားပါသည်။

(က) တောကြက်

ကြက်ရိုင်းဖြစ်သည်၊ တောတောင်ထဲတွင် ကျက်စားသည်၊ ယဉ်ပါးအောင် မွေးမြူ၍ မရနိုင်ပါ။

(ခ) အိမ်ကြက်

လူနှင့်အတူ ယဉ်ပါးနေထိုင်သည်၊ ဟင်းစားကြက်ဟူ၍လည်း ခေါ် ဝေါ်ပါသည်။

(ဂ) ရေကြက်

ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း နေထိုင်သည့်ကြက် ဖြစ်သည်။

(ဃ) ကြက်ဆင်

ကြက်အမျိုးအစားတွင် ပါဝင်သည်၊ မြန်မာကြက်မျိုး မဟုတ်ပါချေ။ နိုင်ငံခြားမျိုးနွယ် ဖြစ်ပါသည်။

ရေကြက် (Coot) မှာ ကြက်ဟူသည့် စကားရပ်နှင့် နီးနွယ်ခေါ်ဝေါ်ခြင်း အပြင် ပုံသဏ္ဌာန်၊ နေထိုင်၊ သွားလာ စားသောက်ပုံတို့မှာ အိမ်ကြက် တောကြက်များနှင့် ကွဲပြားပါသည်။ သို့ဖြစ်၍ ကြက်ဆင်နည်းတူ ယခု ရေးသား ပြုစုသည့် မြန်မာ့ဟင်းစားကြက်တွင် ရေကြက်နှင့် ကြက်ဆင်အကြောင်းတို့ကို ချန်လှပ်၍ ရေးသားထားပါသည်။

သို့ပါ၍ ကမ္ဘာပေါ်ရှိအိမ်မွေးကြက်မျိုးများ၏ မူလအစ တောကြက် (၀ါ) ကြက်ရိုင်း၏ ဆင်းသက်လာသည့် သမိုင်းခြေရာကို လေ့လာဖော်ပြအပ်ပါသည်။

မြန်မာ့ဟင်းစားကြက်၏ သမိုင်းအစ အယူအဆ။

ကြက်ရိုင်းဟုခေါ်ဆိုရမည့် တောကြက်တို့သည် ဂဲလစ် ဂဲလစ် (Gallus Gallus) အုပ်စုတွင် ပါဝင်ကြသည်။ အိမ်မွေးယဉ်ပါးသော တိရစ္ဆာန်မျိုးနွယ်များတွင် ကြက်သည် နွားများ၊ ဝက်များ၊ ဆိတ်များထက်စော၍ လူနှင့်နီးစပ်နေထိုင်ခဲ့ကြောင်း သိရှိမှတ်သားရပါသည်။

ကြက်ဥနှင့်ကြက် ဘယ်ကစ။

(ကြက်ဥနှင့်ကြက် ဘယ်ဟာ အရင်ပေါ်ပေါက်ခဲ့သလဲ–)

ယောအတွင်းဝန် မြန်မာပညာရှိအမတ်ကြီး ဦးဖိုးလှိုင်သည် ကနောင်မင်းသားနှင့် အာလာပ သလ္လာပပြောနေစဉ် ဤမေးခွန်းကို မေးလိုက်သည်။ သိပ္ပံနှင့် စစ်ရေးပညာတွင် အထူးလေ့လာလိုက်စားသည့် ကနောင်မင်းသားသည် စဉ်းစားသည်၊ ခေါင်းကို ဖြည်းညင်းစွာ သုံးလေးကြိမ် ညိတ်သည်။ သို့သော် ယောမင်းကြီး၏ မေးခွန်းကိုမူ မဖြေကြားခဲ့ပေ။ ထို့အတူ မေးခွန်းရှင် ယောမင်းကြီးသည်လည်း ပုစ္ဆာကို အဖြေမထုတ်ခဲ့ပါ။

ထို့အတူ ထိုမေးခွန်းကို သိပ္ပံပညာ ကျော် အိုင်းစတိုင်းသည်လည်း မဖြေကြားခဲ့ပါ။ ယနေ့တိုင် လူအများသည် ထိုမေးခွန်းကို မှန်ရိမှန်ဝါးဖြစ်နေကြသေးသည်။

ကြက်၏ သမိုင်းအစကို ရှာဖွေခြင်းသည် လူ၏သမိုင်းအစကို ရှာဖွေခြင်းထက် ပိုမိုခက်ခဲမည်ဟုသာ တင်ပြလိုပါသည်။

သိပ္ပံမျိုးသန့်၊ ပတ်ဝန်းကျင်မှ သတ္တဝပညာ စာ (၆၉–၇၁)

မြန်မာတို့က သတ္တဝါတို့၏ ဖြစ်တည်မှုသံသရာကို ဘုရားသခင်မှ ဖန်ဆင်းတော်မူသည်ဟူသည့် အယူအဆကို လက်မခံပါ။ သတ္တဝါတို့သည် ကမ္ဘာဦးလူတို့ ပေါ်ပေါက်သကဲ့သို့ ဓမ္မတာအရ ပေါ်ပေါက်သည်ဟု လက်ခံကြပါသည်။ သန္ဓေတဇ– ပဋ္ဌိသန္ဓေတည်ရှိသည်မှ သတ္တဝါအဖို အမများ ပေါက်ဖွားလာကြပြီး၊ ထိုအဖို အမမှတစ်ဆင့် ဆင့်ကဲဆင့်ကဲ ပေါက်ဖွားခဲ့ ခြင်းဖြစ်သည်ဟု ယူဆကြပါသည်။

သို့ဖြစ်ရကား ကြက်၏ မူလပြဿနာ၊ ဥနှင့်ကြက်ကို ဖော်ထုတ်ရန်မှာ လွယ်မယောင်နှင့် ခက်ပါသည်။ ဥကို ကြက်အုသည်၊ ဥ၏ထွက်ကုန်သည် ကြက်၊ ထို့နည်းတူ ကြက်၏ထွက်ကုန်သည် ဥ ဖြစ်ပါသည်။ ယင်းတို့က သဘာဝရှိ အခြင်းအရာများတွင် ➤

ရာဇဝင်များထဲက ကြက်သတ္တဝါ

မြန်မာတို့ မြို့ပြ ပြည်ရွာများ မတည်ထောင်သည့် အချိန်ကာလကပင် ကြက်သတ္တဝါသည် အိမ်တော်ပါတိရစ္ဆာန်အဖြစ် ကူးပြောင်းနေပြီဖြစ်ပါသည်။

မြို့ပြတည်ထောင်သည့် သရေခေတ္တရာပြည်တွင် သာသနာတော် သက္ကရာဇ် (၄၃၃) ခုနှစ်တွင်၊ ငတပါး မင်းဖြစ်တော်မူပါသည်။

ငတပါးသည် မင်းမျိုးမဟုတ်၊ သရေခေတ္တရာပြည်တွင်နေသူတစ်ယောက်သည် မိမိသားကို ဆရာရဟန်းထံအပ်၍ ငယ်စဉ်ကပင် သာမဏေပြုစေ၏။ ဆရာက သနားတော်မူ၍ တပည့်အား စာပေလည်းသင်၊ သိမ်မွေ့အောင်လည်း တပည့်အမှတ်ထား၏။

တစ်နေ့သောအခါ ဆရာတော်မွေးထားသည့် ကြက်ဖသည် အခါခပ်သိမ်းတွန်သမျှ ငါ့ခေါင်းစား ငတပါးမင်း– ဖြစ်လတ္တံဟူ၍ တွန်စမှတ်ပြုသည်။ ဆရာလည်း သင်းသည် တိရစ္ဆာန်ဖြစ်လျက် ဤသို့ အခြင်းအရာကို တွန်သည်ဟု နှလုံးထားတော်မူသည်။ ရှင်သူငယ်ကိုခေါ်၍ ကြက်သားဟင်း

➤ ပြောင်းလဲသည့်သဘော၊ ငှက်မျိုးနွယ်ဝင်ကြက်များသည် ဆင့်ကဲဖြစ်စဉ်များအရ ကြက်အဖြစ်သို့ ပြောင်းလဲလာသည်ဟု ယေဘုယျ ယူဆကြရန်သာ ဖြစ်ပါသည်။

အိမ်ကြက်သည် တောကြက်မှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အိမ်ကြက်ပြောင်းလဲဖြစ်ပေါ်လာခြင်းသည် ပထမဦးဆုံး လူတို့ စတင်မွေးမြူသော တောကြက်မှ ပေါက်ဖွားလာရပေမည်။ ထိုမှတစ်ဆင့် အိမ်ကြက်အဖြစ် ယဉ်ပါးပြီး ဟင်းစားကြက်၊ ဥစားကြက် အမျိုးအမည်ပေါင်းများစွာ ပေါက်ဖွား ဖြစ်ထွန်းလာခြင်း ဖြစ်ပါသည်။ မျိုးရိုးဗီဇများ အဆင့်ဆင့်ပြောင်းလဲလာပြီး ရေမြေကိုလိုက်၍ ကွဲပြားခြားနားသည့် ကြက်မျိုးကွဲများ ဖြစ်လာကြပါသည်။

ယနေ့၊ တောကြက်တစ်ကောင်ကို ဖမ်း၍ အိမ်ကြက်အဖြစ် မွေးမြူရန် မဖြစ်နိုင်ပါ။ တောကြက်အကောင်ကို ဖမ်း၍ အခြားငှက်သတ္တဝါ၊ သာလိကာ၊ ကြက်တူရွေးကဲ့သို့ မွေးမရပါ။ ထို့အတူ တောကြက်ဥကို အိမ်ကြက်နှင့် ဖောက်၍လည်း မွေးမရပါ။ ပေါက်ဖွားလာပြီး အရွယ်ရောက်လျှင် တောကြက် စိတ်ပေါ်လာပြီး ရိုင်းပြမည်ဖြစ်ပါသည်။ ထိုနည်းတူ မြန်မာဟင်းစားကြက်ကိုလည်း ဥစားကြက်အဖြစ် ပြောင်းလဲ မွေးမြူ၍ မရပေ။

ချက်ကာ ကပ်စေသည်။ မောင်ရှင်ငယ်သည် ဆရာဆိုတိုင်း ချက်ပြုတ်ပြီးသော် ကြက်ကို အိုးမှအဆယ် ကြက်ခေါင်းပြုတ်၍ စားဖိုခ္ခ ကျလေသည်။ ရှင်သူငယ်သည် ကြက်ခေါင်းကို မသန့်ပြီဟူ၍ ဆေးကြော၍ စားလိုက်သည်။

ဆရာလည်း ကြက်ခေါင်းမပါ၍ မေးသည်တွင် မောင်ရှင်က ဆယ်ရာတွင် မသန့်သောကြောင့် မထည့်ဘဲ ကျွန်ုပ်စားပေသည်ဟု ဆိုသည်။ ဆရာက ကြက်တိရစ္ဆာန်တွန်သံ မှန် မမှန် သိရပေတော့မည်ဟူ၍ မောင်ရှင်အား အထူးထူးသော စာပေကို သင်ကြားစေ၏။ အရွယ်ရောက်သော် လူပြုစေ၍ အမတ်စစ်သူကြီးထံ အပ်နှံလေ၏။ အမတ်ကြီးသည် သားငယ်အရာထား၍ နန်းတော်သို့ အခစားဝင်ရာတွင် ခေါ်သွား၏။ ဘုရင်မင်းမြတ်ကလည်း မြင်လျှင် ချစ်ခင်၍ တောင်းယူကာ သူငယ်၏ အမူအကျင့် ကျစ်လျစ်၍ မင်းခွင့်စိုးရာနှင့် ပြည့်စုံသည်ကို သဘောကျ၍ သားတော်လည်းမရှိသည်နှင့် သားအမှတ်မွေးမြူသည်။

သူငယ်ကလည်း လိမ္မာသည့်အပြင်၊ မင်းတကာတို့ ကျင့်အပ်သော တရားနှင့်အညီ နေထိုင်လုပ်ဆောင်အပ်သည်ဖြစ်၍ မင်းကြီးက သမီးတော်နှင့် စုံဖက်၍ နန်းလျာထားသည်။ ခမည်းတော်မင်းကြီး ကွယ်လွန်သော် သရေခေတ္တရာပြည်ကြီးတွင် ဘုတပါးအမည်နှင့် မင်းဖြစ်ပါသည်။

သမိုင်းမတင်မီ ခေတ်ကာလဖြစ်၍ ရာဇဝင်အကြောင်းကို အခိုင်အမာ မည္ဆန်းလိုသော်လည်း ခေတ္တရာပြည်မြို့တွင် ကြက်ခေါင်းစားဘုရားဟူ၍ ရှိခဲ့ပါသည်။

စာဆိုရှင် ပြည်နဝေးကြီးက ကြက်ခေါင်းစားဘုရားတိုင် (ပြည်) ရတုတွင်–

* * ရွှေပြည်နှစ်ခွင်၊ လယ်ချက်တွင်နိုက်
ခုဝင်– ကိုးထောက်၊ စိုးသည့်နှိုက်ဝယ်
ဘုန်းတောက်လျှံလင်း၊ တပါးမင်းလျှင်၊
ဖြောင့်စင်းညွှန်ကြည်၊ ကုသိုလ်ရည်၍× × ×

တပါးမင်းဆိုသည်မှာ ဘတပါးမင်းကို ဆိုပါသည်။

သရေခေတ္တရာအလွန် ပုဂံမင်းဆက်တွင် ဘုရင်မင်းမြတ်တို့ လက်သုံးတော်၊ ကြက်တိုက်သည့် ရာဇဝင်ဇာတ်ကြောင်းတို့ မျှားစွာရှိလာပါသည်။

နတ်ချင်းများတွင် ကြက်ဝေါဟာရများ ပါရှိလာပါသည်။

ရွှေစစ်ပင် မင်းသားမှစုတေ၍ ရွှေစစ်ပင်နတ်ဖြစ်ရသည့် အကြောင်းရင်းမှာ ကြက်သမားဘဝကို ခင်တွယ်၍ဟု ပြဆိုကြပါသည်။

ရွှေစစ်ပင်နတ်၏ ဘဝဇာတ်ကြောင်း

ရွှေစစ်ပင်မင်းသားသည် ပုဂံပြည့်ရှင် စောမွန်နစ်၏ သားတော်ဖြစ်သည်။ စောမွန်နစ် (သက္ကရာဇ် ၆၈၉) မှာ ပုဂံဘုရင်ဖြစ်ပါသည်။ စောမွန်နစ်၏ မိဖုရားခေါင်ကြီး ရွှေစကားမင်းသမီးမှ ရွှေစစ်ပင်မင်းသားကို ဖွားမြင်ပါသည်။ ရွှေစစ်ပင်မင်းသားသည် ရုပ်ရည်ချောမောလှပသည်။ လက်ရုံးရည် နှလုံးရည် နှင့် ပြည့်စုံသည်။ အချိန်တန်လျှင် အရိုက်အရာခံရမည့် အိမ်ရှေ့မင်းသားဖြစ်သည်။ လှိုင်းတက်နယ်ကို အပိုင်စားရ၍ လှိုင်းတက်မင်းသားဟုလည်း ခေါ်ပါသည်။

တစ်နေ့သောအခါ ပုဂံဘုရင် စောမွန်နစ်၏ လက်အောက်ခံဖြစ်သော ယွန်းဒေသမှ ကျိုင်းသင်းမင်းငယ်က ခြားနားသည်ကို သားတော်အား သွားရောက်နှိမ်နင်းစေရန် အမိန့်တော်ထုတ်သည်။ မင်းသားသည် ခမည်းတော်၏ အမိန့်ရောက်သော်လည်း ချက်ချင်းမသွားဖြစ်၊ ကြက်ပွဲက ဝိုင်းဆက်ရှိနေသဖြင့် လှိုင်းတက်မှာ ကြက်တိုက်၍ အချိန်ကြာမြင့်နေမိလေသည်။

ဤအကြောင်း ခမည်းတော်ကြားမိလေသော် ဒေါသလည်းထွက်၊ ရှက်လည်း ရှက်၏။ မိမိသွေးရင်း သားရင်းက အမိန့်တော်ဖီဆန်၊ ခိုင်းစေရာ နှေးကန်သည်မှာ ရာဇဝင်ရိုင်းလှချည့်ဟုသုံးသပ်ကာ သားအရင်းခေါက် ခေါက်ဖြစ်သော်လည်း မထောက်မညာ အပြစ်ပေးရမည်ဟု မှတ်သားလောက်အောင် လူသွားလမ်း လဟာပြင်တွင် သားတော်ကို တစ်နေ့တာ မြေထိတ်ခတ်စေပါသည်။

မြေထိတ်ခတ်သည်ဆိုသည်မှာ ကျင်းတူး၍ ဒူးအထိနစ်အောင် မတ်တတ်မြှုပ်ထားခြင်းဖြစ်သည်။ လူသွားလမ်း လဟာပြင်တွင်ဖြစ်ရကား

---

* မှန်နန်းရာဇဝင်တော်ကြီး– ပထမတွဲ

* * နဝဒေးရတုပေါင်းချုပ်– ပြည်ကြက်ခေါင်းစား ဘုရားတိုင်ရတု

အများပြည်သူတို့၏ လှောင်ပြောင်ကြည့်ရှုခြင်းကိုခံရ၍ အရှက်လည်းရစေသည်။ ရွှေစစ်ပင်မင်းသားသည် ဖခမည်းတော်က သည်မျှရက်စက်လိမ့်မည်ဟု မအောက်မေ့ခဲ့ဘဲ၊ ယခုအတည်တကယ်ကြုံရသဖြင့် ရှက်လွန်း၊ စိတ်ထိခိုက်လွန်းလှသဖြင့် နှလုံးသားပေါက်ကွဲလေသည်။ တောင်စွယ်နေကွယ်၍ အပြစ်ပေးချိန်စေ့သဖြင့် မင်းချင်းတို့က သွားလွတ်ကြသည့်အခါ မင်းသားခများ အသက်မရှိတော့ပြီ။

ရွှေစစ်ပင်မင်းသား နတ်ရွာစံတော်မူပြီးသည့်နောက်၊ နတ်ဖြစ်သွားသည်။ လှိုင်းတက်နှင့် ပုဂံနယ်တစ်ရိုးက ရွှေစစ်ပင်နတ်ဟူ၍ ကိုးကွယ်ခဲ့ကြပါသည်။ မယ်တော် ရွှေစကားမင်းသမီးမှာလည်း သားတော် လှိုင်းတက်မြို့စားသေဆုံးမှုကြောင့် ရင်ကွဲနာကျပြီး နတ်ရွာစံသဖြင့် မယ်တော် ရွှေစကားနတ်ဟု ကိုးကွယ်ကြပါသည်။

ရွှေစစ်ပင်နတ်သည် အပြင် (၃၇) မင်းနတ်တွင် စာရင်းအပါအဝင်ဖြစ်ပါသည်။ မဟေသရကျမ်းဌ် ရွှေစစ်ပင်မြင်းဖြူရှင်နတ်ဟု ခေါ်ဝေါ်ကိုးကွယ်ကြသည်။

ရွှေစစ်ပင်နတ်ကို ယနေ့အထိ ကြက်သမားများ ကိုးကွယ်ကြသည်။ ကြက်တိုက်ပွဲတွင် တင်ကြ၊ မြှောက်ကြ ကိုးစားကြသည်။

ရွှေစစ်ပင်နတ်ကို ရွှေစိတ်သိနတ်ဟုလည်း ခေါ်ဝေါ်သေးသည်။ ရွှေစစ်ပင်နတ်ရုပ်တုမှာ ကြာပလ္လင်ပေါ်တွင် မင်းညီမင်းသား အဝတ်အစားဝတ်ဆင်လျက် ဓားကိုင်ထားသောပုံကို တွေ့နိုင်ပါသည်။

နတ်ပွဲကပြရာတွင် သက်ဆိုင်ရာနတ်ဝင်သည်က နတ်သံပစ်လေ့ရှိသည်။ နတ်သံသည် နတ်၏သမိုင်းကြောင်း တစ်စိတ်တစ်ဒေသကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။ ကြားနာရသူတို့အတွက် သနားဖွယ်၊ လွမ်းဆွတ်ဖွယ်ရာများ ခံစားရစေပါသည်။ ကိုးစားလိုစိတ် ပေါ်စေပါသည်။

ရွှေစစ်ပင်နတ်သံ

ဝတ်လဲငယ်မှ တိမ်တောင်လေ၊ လွန်းပြန်ငယ်ရွှေကြိုး၊ ကျောက်စံမိုးသည် ပန်းပိုးပေါင်နှင့်၊ ရွှေရောင်ငယ်လက်လက်၊ နားတောင်းသီဂီ၊ ကိုးမျက်ကယ်စီ၊ ရှစ်လီမျှော ငါ့မှာ၊ ဒေါင့်ဒလက်နှင့် ရက်ပျားငယ်မှရွှေငြာ၊ ရွှေပွင့်အကျီ၊

ကြက်သွေးနီသည် ကတ္တီပါနှင့်၊ မွေးစွားငယ်ကြိုင်ပျံ၊ ခေါင်းပေါင်းငယ်ကြယ်စီ၊ ပုဆိုးနီမှာ နှင်းဆီသော်မော်နံ့နှင့်၊ ပုဂံဘုရင် သခင်ဧကရာဇ်၊ ရန်မျိုးနှင်သည်၊ စောမွန်နစ်တည့်၊ သည်းချာငယ်မှ ဝမ်းဝင်၊ ငါလျှင်တမူ မယ်တော်ရင်နှစ်၊ တိုင်းသူချစ်သည် ရွှေစစ်သင်၊ ဥကင်ကြင့်နန်း၊ ရိုက်ရာမြန်းသည် နောင်နန်းရံ၊ ကျော်ဝင်ကာမှ ချီကြွေး၊ လှိုင်းတက်သာဂရ၊ သည်ဒေသကို၊ သရာဇာက ပိုင်စားပေးလို့၊ ကဲကြွေးငယ်မှ ပြီးစည်၊ ကျိုးသင်းမင်းတည်၊ ယွန်းတို့ပြည်ကို၊ ရက်ရှည်မနေ မိန့်တော်ရှေနှင့်၊ ချီလေခန့်သော်၊ ပုဂံပန်းညို၊ ဘရာ နှင်းသည့်၊ ငါမင်းပျိုလည်း၊ ယွင်းမှာဂတိ၊ မွေးဘဖြစ်လို့ အချစ်ကယ်ယုံ ကြည်၊ မိန့်တော်ရည်က၊ မတည်ရှိအောင်၊ လွှဲဘိအာဏာ၊ မြို့လှိုင်းတက်မှာ၊ ကြက်တိုက်ပါလို့၊ နေမိရာကို၊ အောင်ချနန်းရှင်၊ မွေးဖခင်က၊ သို့စစ်စော်ကား၊ သင့်သလားဟူ၊ နောက်သားကြောက်စေ၊ မြေထိတ်ကြပ်အောင် ခတ်ထားလေသော်၊ မပြေငယ် စိတ်ကြ၊ မွေးသဘကို၊ အကြင်သည်းသည်၊ ဝမ်းနည်းလှလို့၊ သောကကြီးစွာ၊ ရင်ကွဲနော်နှင့်၊ မိစ္ဆာမှောင်ရစ်၊ ခန္ဓာပြောင်းလို့၊ နတ်ကောင်းဖြစ်သော်၊ အချစ်ကယ်မှမြဲရုံ၊ ရိပ်ဖြူဆောင်းတဲ့ လောင်းနန်းငုံဝယ်၊ အပုံဗိုလ်ပါ၊ လူတကာကို၊ မေတ္တာ နေ့တိုင်း ငါပို့တယ်၊ ဂြိုဟ်ဒသာနှင့်၊ ဇာတာစန်းလင်း၊ မသန့်သက်သည် အိပ်မက်မကောင်း၊ ရန်အပေါင်းကို မောင်းလိုက်မယ်၊ ရွှေဝန်အောင် ခန်း၊ ပြည်ကြင့်နန်းကို၊ မမြန်းရခင်၊ ယခင်ဝဋ်ဟောင်းဖန်လို့၊ ကဲဆိုးဖျက်သည်၊ မြင်းကျော့ရှင်နတ်သွင်တင်လွန်း၊ ငါမင်းပျို ဆီစိုဂွမ်းကို၊ လွမ်းလိုက်တယ်ပလေး... မင်းတသွေတို့။ ။

ကြက်သမား နတ်ရွှေစစ်ပင်နတ်၏ နတ်ချင်းမှာ ဘဝဇာတ်ကြောင်းကို ဖော်ပြထားပြီး လူ့ဘဝကို တမ်းတလွမ်းချင်းတစ်ပုဒ်ဖြစ်ပါသည်။

ကြက်သမားနတ်သမိုင်းတွင် ရွှေစင်ပင်နတ်သာမက၊ စာရေးသူနေထိုင်ရာဒေသ၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ နတ္တလင်း၊ ပေါင်းတည်၊ သာယာဝတီဒေသ၏ သုံးမြို့ရှင့် နတ်သမိုင်းကိုလည်း ဖော်ပြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနတ်ကိုးကွယ်မှုသမိုင်း (မင်းစည်သူ)
မြန်မာ့မိရိုးဖလာနတ်ဓလေ့သမိုင်း (ဦးထွေးဟန်+ဦးဘညွန့်)

သုံးမြို့ရှင်နတ်

ပုဂံခေတ်နောင်းကာလ တရုတ်ပြေးမင်းလက်ထက် ငဆောင်ချမ်း တိုက်ပွဲတွင်ကျဆုံးခဲ့ရသည့် မင်းညီမင်းသားတစ်ပါး၏ သားတော်မောင်မောင်ကြီး၊ မောင်လတ်၊ မောင်မောင်ငယ်နှင့် သမီးမယ်စောလှ၊ မယ်စောမွန်တို့သည် မိခင်လူမမာကို သယ်ပိုး၍ ချေရံသင်းပင်းနှင့်တကွ ပုဂံပြည်မှ သရေခေတ္တရာပြည်ကို ခိုလှုံရန် ပြေးလာခဲ့သည်။ လမ်းတွင် မိခင်သေဆုံးခဲ့သည်။ တရုတ်ပြေးမင်းကိုလည်း သားတော်ပြည်မင်း သီဟသူက အဆိပ်ခတ်သဖြင့် ကံတော်ကုန်လေပြီဟု တစ်ဆင့်စကားတစ်ဆင့်နားကြား၍ ပြည်သို့မဝင်ဘဲ အောက်ပြည် အောက်ရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ သာယာဝတီဒေသသို့ ရောက်သည်။

သားတော်ကြီး မောင်မောင်ကြီးသည် ပုဂံနေပြည်တော်မှ ထွက်ခွာလာပြီး သုံးနှစ်အကြာ သက္ကရာဇ် ၆၄၉ ခုနှစ်တွင် သာယာဝတီအမည်ရသည့် မြို့နန်းသစ် အခိုင်အမာပြုကာ သတိုးနော်ရထာဘွဲ့ခံ ထီးနန်းစိုးစံပါသည်။

သတိုးနော်ရထာသည် သာယာဝတီနေပြည်တော်ကြီး၏ ကင်းစောင့်ကင်းရံမြို့များအဖြစ် တောင်ညီမြို့ကို တည်ထောင်၍ သတိုးမင်းလတ်အားလည်းကောင်း၊ ကျောက်စောင်းမြို့ကို တည်ထောင်၍ သတိုးမင်းငယ်အားလည်းကောင်း ချေရံသင်းပင်းများနှင့် မြို့စားအဖြစ် ပေးသနားသည်။

သာယာဝတီ၊ တောင်ညီ၊ ကျောက်စောင်းမြို့များ၏ ပင်ရင်းမူလပိုင်ရှင်ဖြစ်သောကြောင့် သတိုးနော်ရထာကို သုံးမြို့ရှင်ဟုခေါ်ပါသည်။

သုံးမြို့ရှင်မင်းသည် ကြက်တိုက်ဝါသနာပါသည်။ ကြက်တိုက်ရာတွင် ငယ်ကျွန်ခြေရာတစ်ထောင် မောင်မဲခေါင်ဖမ်းဆီးဆက်သသည့် ဆင်တော်လော်ရိန်းကို စီးရ၍သွားလေ့ရှိသည်။ ကြက်တလင်းကို အစွဲပြု၍ ယနေ့ နတ်တလင်းမြို့ဟု ခေါ်ကြသည်။ သုံးမြို့ရှင်သည် တောင်ညီမင်းနှင့် အဆိုပါကြက်တလင်းတွင် တိုက်သည်သာမက ပြည်ဘုရင်နှင့်လည်း ကြက်တိုက်ကစားသည်။

တစ်ခါသော် ပြည်ဘုရင်က ကြက်တိုက်ပွဲတွင် လောင်းကြေးရုံး၍ နောက်တစ်ပွဲအတွက် လောင်းကြေးကို သူအပိုင်စားရသည့်မြို့ကို ပေါင်၍ ကြက်တိုက်သည်။ ယင်းမြို့ကို ပေါင်တည်ဟုခေါ်ကြသည်။ ကာလရွှေ့လျားသည့်အခါ ပေါင်းတည်ဟု ခေါ်ဆေါ်သည်ဟု ရှေးစကားများ မှတ်သားရပါသည်။

ကြက်တိုက်ဝါသနာပါသော သုံးမြို့ရှင်သည် တစ်ခါသော် ကြက်တိုက်ပွဲသို့သွားရာ နောက်ကျ၍ ရောက်သွားသည်နှင့် ကြက်တိုက်ကစားဘက် ဖြစ်သော ပြည်ဘုရင်က လှောင်ပြောင်ပြက်ရယ်ခြင်းခံရသောကြောင့် မောင်မဲခေါင်အား၊ နတ်ဆင်ကောက်နောက်ကျ၍သာ ငါအရှက်ရသည်ဟု မျက်နှာကို ခြေနှင့်ကန်သောကြောင့် မောင်မဲခေါင်က အငြိုးထားပုန်ကန်လေသည်။

မောင်မဲခေါင်သည် သုံးမြို့ရှင်ဘုရင်မင်းမြတ်၏ ပညာရှိအမတ်၊ အမိတ္တောဒနခေါ် ပညာဗလအမတ်ကြီး၏ သားဖြစ်ပါသည်။

အမျက်ဒေါသမပြေသည့် သုံးမြို့ရှင် သတိုးနော်ရထာသည် မောင်မဲခေါင်အား ဆင်တော်လော်ရိန်းကိုစီးကာ တိုက်ခိုက်လေသည်။ ဆင်တော်လော်ရိန်းမှာ မောင်မဲခေါင်ဖမ်းယူဆက်သထားသည်ဖြစ်၍ မောင်မဲခေါင်ကို ငယ်ကြောက်ဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲတွင် မောင်မဲခေါင်၏ ကြိမ်းမောင်းရွတ်ဆိုသည့်အသံကို ဆင်တော်လော်ရိန်း ကြားလျှင် ကြောက်လန့်၍ အဝေးသို့ ထွက်ပြေးလေ၏။ ဆင်တော်ပြေးလျှင် သုံးမြို့ရှင်သည် ဆင်ထက်မှ လွင့်ကျသည်။ မောင်မဲခေါင်က လှံနှင့်ထိုး၍ နတ်ပြည်ငြိုးပါသည်။

သုံးမြို့ရှင်သည် နတ်ဖြစ်သည်ဟု သာယာဝတီသားတို့ ကိုးကွယ်ကြသည်။ ကြက်တိုက်ဝါသနာပါ၍ ကြက်သမားနတ်ဖြစ်သည်။

သုံးမြို့ရှင်ခေါ် ကြက်သမားနတ်ကို တင်မြှောက်ပသပြီး ကြက်တိုက်ကစားပါက နိုင်တတ်သည်ဟု အယုံအကြည်ရှိကြသည်။

သုံးမြို့ရှင်ပွဲပေးပါက အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ ဆီမီးသုံးတိုင်၊ ပန်းသုံးမျိုး၊ ကွမ်းသုံးယာ၊ လက်ဖက်သုံးပုံတို့ဖြင့် ကန်တော့ပွဲထိုးနိုင်သည်။ ကြက်နှင့်ပတ်သက်သောအရာ ဘာတစ်ခုမျှ မပါစေရပါ။

အင်းဝခေတ်တွင်လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင်လည်းကောင်း၊ တိုက်ကြက်နှင့် မှူးမတ်မင်းညီမင်းသား၊ ဘုရင်မင်းမြတ်တို့၏ အကြောင်းကိုရေးရလျှင် ကုန်စင်ဖွယ်မရှိပါ။

တိုက်ကြက်များသည် မြန်မာ့ရေမြေတောတောင်တွင် ပဝေသဏီ ရှေးကတည်းကပင် ကျက်စားခဲ့ကြသည်ကို အထောက်အထားအဖြစ် အနည်းငယ် တင်ပြခြင်းဖြစ်ပါသည်။

ယခုအခါ ကမ္ဘာပေါ်တွင် တောကြက်အစုအဝေးကို အာရှတိုက်တွင်သာ

တွေ့နိုင်ပါသည်။ အရှေ့တောင်အာရှတွင်လည်း မြန်မာနိုင်ငံ၌သာ များများ စားစား အုပ်လိုက်တွေ့နိုင်ပါသည်။ တောကြက်ရိုင်းများကို ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းမြစ်ဝှမ်းလွင်ပြင်ဒေသများရှိ တောတောင်များ ထဲတွင်လည်းကောင်း၊ ရခိုင်ရိုးမ၊ အလယ်ရိုးမ၊ ပဲခူးရိုးမနှင့် တနင်္သာရီတောင် တန်းဒေသများတွင် တွေ့နိုင်ပါသည်။

ကမ္ဘာကြက်မွေးမြူရေးသမိုင်းအစ

တရုတ်နိုင်ငံတွင်၊ ဘီစီ ၁၄၀၀ ကပင် တောကြက်များကို ယဉ်ပါး အောင်မွေးမြူနိုင်ကြသည်။ အိန္ဒိယတွင်မူကား၊ ဘီစီ ၁၀၀၀ မတိုင်ခင်ကမှ မွေးမြူကြသည်ဟု ဆိုပါသည်။

အိမ်ကြက်အဖြစ် ယဉ်ပါးပြီး၊ အာရှတိုက်မှတစ်ဆင့် ဥရောပတိုက်သို့ ကြက်များ ရောက်သွားကြသည်။ ယင်းနောက် အမေရိကတိုက်သို့ ရောက်သည်ဟု အဆိုရှိပါသည်။

တောကြက်သည် လူနှင့် လုံးဝမယဉ်ပါးချေ။ ယနေ့ထက်တိုင် တောကြက်တစ်ကောင်ကို အထီးဖြစ်စေ၊ အမဖြစ်စေ ဖမ်းမိပါက လူ၏လက်တွင်းရောက်သည်နှင့် သေဆုံးလေ့ရှိသည်ကို တွေ့ရခြင်းအားဖြင့် ကမ္ဘာတိုက်ကြီးများသို့ ပျံ့နှံ့ခြင်းသည် တောကြက်ရိုင်းမဟုတ်ဟု ယူဆရခြင်းဖြစ်ပါသည်။ တောကြက်ရိုင်းကိုလည်း အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းနိုင်ငံများတွင်သာ တွေ့ရ၍ဖြစ်ပါသည်။

ကြက်မျိုးခွဲခြားမှုများ

ကမ္ဘာပေါ်တွင် ကြက်များကို မူလမွေးမြူရာဒေသကိုလိုက်၍ ငါးမျိုးခွဲခြားထားပါသည်။ အင်္ဂလိပ်ကြက်မျိုး၊ ဥရောပကြက်မျိုး၊ အာရှကြက်မျိုး၊ မြေထဲပင်လယ်ကြက်မျိုးနှင့် အမေရိကန်ကြက်မျိုးများ ဖြစ်ကြသည်။

ကြက်ကို ဥထွက်ကောင်းအောင် အသားထွက်ကောင်းအောင်၊ မျိုးကွဲများ အမျိုးမျိုးသားစပ်ခြင်းဖြင့် မရေမတွက်နိုင်သော ကြက်မျိုးသစ်များ ပေါ်ထွန်းမွေးမြူကြပါသည်။

ရာသီဥတုနှင့် အပူအအေးဒဏ်များကို လူတို့ကပြုပြင်ဖန်တီး၍ ခေတ်မီ

သိပ္ပံနည်းကျမွေးမြူနေခြင်းကြောင့် ဒေသအခက်အခဲ ရာသီဥတုမညီမျှမှု များအပေါ် အောင်နိုင်လာကြပါသည်။

အာရှတွင် တိုင်းရင်းကြက်အဖြစ် ဂျပန်ပြည်၌ မျိုးရိုးများကိုထိန်းသိမ်းထားပါသည်။ ဂျပန် ယိုကိုဟားမားကြက်မျိုးတွင် အလျားပေ ၂၀ ရှည်သော အမြီးရှိသည်၊ အမြီးမရှိသောကြက်မျိုးလည်း ရှိပါသည်။ မလေးရှားကြက်များ သည်လည်း အမြီးရှည်ကြသည်။

မွေးမြူရေးသမားများသည် ဥစားကြက်မျိုးများနှင့် အသားစားကြက် မျိုးများကို မွေးမြူနေကြပြီဖြစ်သော်လည်း မြန်မာတိုင်းရင်းသားကြက်၏ အခန်းကဏ္ဍသည် ကာလအတန်ကြာသည်အထိ ပျောက်ကွယ်သွားမည် မဟုတ်ချေ။

သဘာဝလွတ်ကျောင်းမွေးမြူခြင်းက စရိတ်စကကို သက်သာစေသည် မှန်သော်လည်း များများမွေးမြူ၍ မရနိုင်၊ ကြက်၏ ကြီးထွားနှုန်း နှေးကွေး သည်။ ကြက်မများသည်လည်း ဥများများမအုကြပါ စသည့်အချက်များ ကြောင့် တစ်နေ့သောအခါ မွေးမြူရေးနည်းပညာများ တိုးတက်လာ၍ တစ် ခေတ်ဆန်းသစ်ကောင်း ဆန်းသစ်ပေမည်။ သို့သော် မြန်မာ့ဟင်းစားကြက်၏ အသားသည် မွေးမြူရေးကြက်သားထက် စားသုံးလျှင် ပိုမိုအရသာရှိသည်ဟူ သည့်အချက်ကို စာရေးသူအနေဖြင့် မော်ကွန်းတင်ထားလိုပါသည်။

ကြက်သမိုင်းအစ ချင်းရိုးရာယုံကြည်မှု

ရှေးအခါက ချင်းရွာတစ်ရွာတွင် ပစ္စည်းချမ်းသာသော ချင်းအဘိုးအို အဘွားအို လင်မယားရှိသည်။ ၄င်းတို့တွင် မယ်ဒွေးဟူသည့် သမီးပျိုတစ် ယောက်ရှိပါသည်။ မယ်ဒွေးအရွယ်ရောက်သော် ပူဆာလာ၍ ရွှေလက်စွပ် တစ်ကွင်းလုပ်ပေးရန် ပန်းထိမ်ဆရာအိမ်သို့ လာခဲ့သည်။

ပန်းထိမ်ဆရာက ရွှေစင်လက်စွပ်ကို ရွှေသန့်သန့်ကောင်းကောင်းနှင့် လုပ်ပေးမည်။ ရွှေစင်သန့်အောင် ရွှေနှင့်ရောနေသည့် ကြေးများကို ချွတ်ရမည် ဆိုကာ တင်းတိမ်သုံးထပ်ကာရံ၍ မီးပြင်းထိုးကာ လုံတွင်ထည့်၍ ရွှေကိုလှော် ပါသည်။

မီးဖိုမီးသည် ကန့်လန့်ကာကို စွဲသည်။ မီးကြီးလာ၍ ငြိမ်းမရဖြစ်သည်။

ထိုအခါ မီးသည် ပိုမိုလောင်ကျွမ်းကာ လုံသည် ဖောင်းဟုမြည်သံပေးပြီး ကွဲတော့သည်။ ရွှေလည်း ခုန်ထွက်သွားတော့သည်။

ချင်းပန်းထိမ်ဆရာနှင့် လုပ်သားများသည် ထွက်သွားသော ရွှေနောက်သို့ လိုက်ကြသည်။ ရွှေကို လယ်ကွင်းထဲတွင် တွေ့ပါ၏။ ရွှေတုံးရွှေခဲကဌက်ပုံသဏ္ဌာန်ဖြစ်နေသည်။

ထိုအခါ ပန်းထိမ်ဆရာက သင်သည် ယစ်ဌက်လော၊ ခါဌက်လောဟုမေးသည်။

ရွှေတုံးရွှေခဲဖြစ်နေသည့်ဌက်က ငါသည် ယစ်ဌက်လည်းမဟုတ်၊ ခါဌက်လည်းမဟုတ် ငါကား လူတို့အတွက် တန်ဖိုးရှိလှသော ကြက်ဖြစ်သည်ဆို၏။

ငါသည် လူတို့အတွက် ဗေဒင်နှင့် နာရီကို မှန်ကန်စွာ ဟောပြောနိုင်သည်၊ သင်တို့လူမျိုးများ မင်္ဂလာဆောင်လျှင် ငါ့ကိုဦးစားပေး မေးရမည်၊ ထို့ကြောင့် ငါ့ကို သင်တို့ခေါ်၍ ကျွေးမွေးပြုစုလော့ဟု ဆို၏။

ထိုနေ့ ထိုရက်မှစ၍ ကြက်တိရစ္ဆာန်ပေါ်ပေါက်လာသည်ဟု ဆိုပါသည်။ ချင်းဘာသာဖြင့် ကြက်ကို (အာ) ဟုခေါ်သည်။

အခန်း (၂)

တောကြက်ဖတို့ ဓလေ့စရိုက်

တောကြက်ဖသည် ကြက်အပေါင်းခြံရံလျက် အုပ်လိုက်၊ အစုလိုက်နေကြသည်၊ တစ်တောတစ်ကြက်ဖဆိုသည့်အတိုင်း၊ ကြက်အုပ်တစ်အုပ်တွင် သူသာလျှင် ခေါင်းဆောင်ဖြစ်သည်။ ခေါင်းဆောင်ကြက်ဖသည် ကြက်အုပ်အတွင်း တခြားကြက်ဖကို ဗိုလ်လုပ်ပိုင်ခွင့်မပြုပေ၊ ခေါင်းဆောင်ကြက်ဖသည် ကြက်အုပ်၏ အန္တရာယ်အသွယ်သွယ်ကိုလည်း ကာကွယ်စောင့်ရှောက်သည်။

ကြက်အုပ်စုတွင် ခေါင်းဆောင်ကြက်ဖသာ တွန်ခွင့်ရှိသည်။ အခြားကြက်ဖက တွန်ခွင့်မရှိ။ တွန်သံပေးလျှင်လည်း ချက်ချင်းတိုက်ခိုက်သည်။ ထိုဗိုလ်လုပွဲတွင် အသေအလဲခွပ်ကြသည်။ နိုင်သည့်ကြက်က အုပ်စုဗိုလ်ဖြစ်သည်။ အကယ်၍ ယှဉ်ပြိုင်သည့်ကြက်ကရှုံးလျှင် ထိုကြက်အုပ်နှင့်ဝေးရာသို့ အမြန်ထွက်ပြေးသွားရသည်။ ထိုကြက်အုပ်နားသို့ မည်သည့်အခါမှ ကပ်ခွင့်မရပါ။ အကယ်၍ ခေါင်းဆောင်ကြက်ဖက ရှုံးသွားလျှင်တော့ ကြက်အုပ်တွင် ဆက်လက်နေထိုင်ခွင့်ရသည်။ သို့သော်လည်း တွန်ခွင့်၊ ကြက်မများကို ချစ်ခွင့်မရနိုင်ပါ၊ အုပ်စုခေါင်းဆောင် ဘဝဆုံးသွားသည့်ကြက်ဖကို နန်းကျကြက်ဟု ခေါ်ကြပါသည်။

တောကြက်တို့၏ မိတ်လိုက်ခြင်းဓလေ့

တောကြက်သည် အိမ်မွေးဟင်းစားကြက်ကဲ့သို့ ၁၂ ရာသီမိတ်လိုက်ခြင်း မပြုပေ။ ဆောင်းဥတုနှင့် နွေဥတုတွင်သာ မိတ်လိုက်ကြသည်။ ထို့ကြောင့် တောကြက်ဥကို တောတောင်ထဲတွင် တစ်နှစ်ပတ်လုံး မရနိုင်ချေ။ ဧပြီနှင့် မေလတွင်တွေ့နိုင်ပြီး အောက်တိုဘာ၊ နိုဝင်ဘာလများတွင် တစ်ဖန်ပြန်တွေ့ရသည်။

မိုးကာလတွင် တောကြက်သည် အမွေးအတောင်များကျတ်၊ မြီးဆံများကျတ်ကာ လှပမှုမရှိတော့ပေ၊ အမောက်များလည်း နီရဲသောအရောင်မှ ညိုမှောင်သောအရောင်သို့ ပြောင်းသွားသည်။

တောကြက်သည် တွန်ကျူးခြင်း၊ မိတ်လိုက်ခြင်း မရှိတော့ပေ။

* * ဝါတွင်းမိုးလ၊ မာသသုံးထွေ၊ တောမြိုင်ခြေငယ်
ချေလည်းမတောက်၊ မျောက်လည်းမကြော်၊
ငှက်သူတော်တို့၊ မပေါ်မထွက်၊ တောကြက်ဥဒေါင်း
တော်ပေါင်းကင်းအောင်၊ ဝါရှောင်ဖိုမ
နေကြပြကတော့၊ ကျင့်သိမ်မွေ့၏၊ လူလေ့လူလာ
လူတို့ရှာနှိုက်၊ လူမှာသော်ကား၊ သူငါများပင်၊
ယောကျ်ားမိန်းမ၊ အဟိတ်မျှလောက်၊ ဘဝလေ့လာ
မရှောင်ခွာဘူး၊ ကျမ်းစာနီတိ၊ ယှိသည့်အရ...

အထက်ပါ မဃဒေဝဆရာတော်၏ အဆိုအမိန့်အတိုင်း တောကြက်တို့သည် ဝါတွင်းကာလ သဘာဝမိတ်လိုက်ခြင်းမရှိကြောင်း ပြဆိုထားပါသည်ကို မှတ်သားရပါသည်။

ဝါလကင်း၍ သီတင်းကျွတ်လျှင် တောကြက်မများသည် တစ်တောတစ်ကြက်ဖဗိုလ်လုပ်ရန် ကြွကြွရွရွဖြစ်လာကြသည်။ နံနက်လင်းလျှင် ကြက်ဖတွန်သံ ပေးလာကြသည်။ သို့သော် ကြက်ဖခေါင်းဆောင်သည် ယခင်နှစ်ကကြက်ဖဟုတ်ကောင်းမှ ဟုတ်ပေမည်။ နိုင်သူကြက်က ခေါင်းဆောင်ဖြစ်ရတော့သည်။ သို့ဖြစ်၍ ပထမဆုံးတွန်ကျူးသည့် ကြက်ဖသည် ခေါင်းဆောင်ဖြစ်ရန် သေချာနေတတ်ပါသည်။ ယှဉ်ပြိုင်လျှင်လည်းမနိုင် ခွပ်လိုက်သည်ကများပေသည်။

ထို့နောက် သူ့နယ်ကိုယ့်နယ်သတ်မှတ်သည်၊ မိမိအုပ်စိုးသည့် တောတောင်အတွင်းသို့ အခြားကြက်ဖအလာမခံ၊ လာပြန်ပါကလည်း ရဲရင့်စွာ တိုက်ခိုက်လေ့ရှိသည်။ ထို့ကြောင့် ကြက်တည်သူတို့၏ညွှတ်ကွင်းသို့ အုပ်စုခေါင်းဆောင်ကြက်ဖသာလျှင် ဦးစွာ မိသည်က များပေသည်။

ကြက်တည်ဖမ်းခြင်း

တောကြက်တည်ဖမ်းသည့် မုဆိုးတို့သည် တောကြက်မှဆင်းသက်လာသည့် ကြက်တိန်ညင်နှင့် တည်လေ့ရှိပါသည်။ ကြက်တိန်ညင်အဖနှင့် ကြက်တည်သည်။ တောကြက်များကို တည်ဖမ်းရာတွင် မိမိ၏တည်ကြက်က တွန်သံပေးလိုက်သည်နှင့် ယင်းတော၏ ကြက်ဖခေါင်းဆောင်က ညွှတ်ကွင်းသို့ ဝင်ရောက်ခွပ်သဖြင့် ညွှတ်ကွင်းမိသည်များပါသည်။ ညွှတ်ကွင်းခိုင်ခံ့ဖို့ လိုပါသည်။ ညွှတ်ကွင်းတွင်မိပြီးမှ ညွှတ်ကွင်းကြိုးပြတ်၍ ၄င်းကြက်ဖ လွတ်မြောက်သွားပါက တောကြက်ဖသည် တောပြောင်းသွားလေ့ရှိသည်။ သူအုပ်ချုပ်သော ကြက်သင်းကိုပါ တစ်ခါတည်းခေါ်သွားတော့သည်။ အန္တရာယ်များသည့် ဤတောသို့လည်း ဘယ်သောအခါမှ ပြန်မလာတော့ပေ။

တောကြက်လိုက်မုဆိုးများသည် ညွှတ်ကွင်းအပြင် ညအခါလေးနှင့် ဝါးပြောင်းနှင့် ကြက်လိုက်လေ့ရှိပါသည်။ ကြက်လိုက်ငှက်ခတ်မုဆိုးသည် တောကြက်အိပ်တတ်သည့် သစ်ပင်ကို ဦးစွာရှာဖွေရသည်။ တောကြက်ဖိုမများသည် သစ်ပင်ကိုင်း သို့မဟုတ် ဝါးရုံကိုင်းထက်တွင် တစ်စုတစ်ဝေးတည်းအိပ်လေ့ရှိသည်။

ငှက်ခတ်မုဆိုးသည် တောကြက်အိပ်တန်းသစ်ပင်၊ ဝါးရုံပင်ကိုတွေ့ပါက အထူးသတိထားရသည်။ အထူးသဖြင့် မစင်ပုံကို မထိမိအောင် အထူးသတိထားရသည်။ ကြက်အိပ်တန်းပတ်ဝန်းကျင်၏ သဘာဝရေမြေတောအမှတ်အသားများကို ပျက်ယွင်းအောင် မပြုလုပ်ရချေ။ ကြက်အိပ်တန်းဝန်းကျင်ကို ခြေရာလက်ရာမပျက်အောင် အထူးသတိထားရပါသည်။

သို့မဟုတ်ပါက၊ သစ်ခက်တစ်ခက်၊ သစ်ရွက်တစ်ရွက် ချိုးမိခဲ့လျှင်လည်းကောင်း၊ ထိုချေးပုံကို ထိုးမိဖွမိလျှင်လည်းကောင်း မဆင်မခြင်ပြုမိပါက တောကြက်သည် ရန်သူရှိလာသည်ကို သိနိုင်သည်၊ အမှတ်အသားကြီးလှသည့်တောကြက်သည် ထိုညတွင်ပင် အိပ်တန်းမတက် အခြားတောသို့ ပြောင်းသွားတတ်သည်၊ သည်တောသို့လည်း ပြန်မလာတော့ပါ။

မြန်မာတောကြက်မ၏ လေ့ဘာသာ

တောကြက်သည် အိမ်မွေးတိန်ညင်များနှင့် အရွယ်အစား မကွာခြား သော်လည်း ပျံသန်းနိုင်အား ပို၍ကောင်းသည်။ သစ်ပင်အမြင့်သို့ ပျံသန်း နိုင်သည်။

တောကြက်မတို့သည် မိမိကြက်အသင်းအုပ် ခေါင်းဆောင်ကြက်ဖ နှင့်သာ မိတ်လိုက်သည်။ အုခါနီးအချိန်တွင် ကြက်ဖ၏ နောက်သို့ လိုက် သည်။ ခေါင်းဆောင်ကြက်ဖမှတစ်ပါး အခြားကြက်ဖနောက်သို့ မလိုက်ပေ။ ခေါင်းဆောင်ဟောင်းကျရှုံးလျှင်လည်း ခေါင်းဆောင်သစ်ကို အလွယ်တကူ လက်ခံတတ်ကြသည်။

ကြက်ဥကျင်းကို သစ်ပင်မြင့်တွင်မလုပ်ဘဲ ကွင်းစပ်တွင် ချုံပုတ် အောက်တွင် သစ်ရွက်ခြောက်၊ မြက်ခြောက်တို့နှင့် ပြုလုပ်တတ်ကြသည်။ ကြက်မ၏ အရောင်နှင့် သစ်ရွက်ခြောက်၏ အရောင် တူညီနေတတ်သဖြင့် ကြက်မအား သဘာဝအန္တရာယ်ကို အတန်ကာကွယ်ပေးနိုင်ပါသည်။

တောကြက်မသည်လည်း အမှတ်သညာကြီးသည်၊ မိမိ၏ဝပ်ကျင်းသို့ ရန်သူလာရောက်ကြောင်း အမှတ်အသား၊ ခြေရာလက်ရာပျက်နေပါက ၄င်းဝပ်ကျင်းမှတစ်ခါတည်း ပြောင်းရွှေ့သွားတော့သည်။ သူမ၏ တစ်သက် တွင် အဆိုပါတောသို့ ဘယ်သောအခါမှ ပြန်မလာတော့ပေ။

ဝပ်ကျင်းသည် ခြေရာလက်ရာမပျက် ဆက်လက်တွေ့နေပါက၊ တစ်သားပြီး တစ်သားပေါက်၍ အမြဲပင် ထိုဝပ်ကျင်းကို အသုံးပြုလေ့ရှိ ပါသည်။

တောကြက်မသည် ကြက်ဥခြောက်လုံး၊ ခုနစ်လုံးခန့်ကို သားဖောက် ရန် ဝပ်တတ်ကြောင်းသိရပါသည်။ အနေအထိုင်ကျစ်လျစ်သည့် တိရစ္ဆာန်ဖြစ် ၍ တောကြက်မနှင့် ကြက်လေးများကို တွေ့မြင်ဖူးသူ အတော်နည်းပါသည်။

နွေဦးရာသီများတွင် ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်ဝှမ်းဒေသ၊ တောတောင်ချိုင့်ဝှမ်းတို့တွင် ဖိုမပျော်မြူးနေသည့် တောကြက်အုပ်များကို တွေ့ရတတ်သည်မှာလည်း အရွယ်ရောက်နေသည့် တောကြက်များပင်ဖြစ် ပါသည်။

ထူးဆန်းထွေလာ ကြက်ဓလေ့စရိုက်များ

တောတောင်ရေမြေ သဘာဝအရ မြန်မာ့ဟင်းစားကြက်များ၏ အလေ့အထ အနေအထိုင်များသည် ယနေ့မြန်မာပြည်သို့ပင် ရောက်ရှိနေပြီဖြစ်သော နိုင်ငံတကာမှ ဥစားကြက်များနှင့် ဓလေ့စရိုက်ကွာခြားသည်ကို ရှေ့အခန်းများတွင် ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အောက်ဖော်ပြမည့် ကြက်များ၏ ထူးဆန်းထွေလာဓလေ့များသည် ကြက်မျိုးတိုင်းတွင်ရှိပါသည်။ သို့သော် မြန်မာကြက်များကမူ မပြောင်းမလဲ ပင်ကိုအတိုင်း ရှိနေပါသည်။ အခြားဥကြက်နှင့် အသားစားကြက်မျိုးများကမူ လူတို့ ပြုပြင်ပြောင်းလဲခြင်းဖြင့် ခြားနားသွားကြပြီဖြစ်ပါသည်။

(က) ကြက်မများ ဘာကြောင့် အချိန်မှန်မှန် ဝပ်ကြသနည်း

ကြက်များသည် ပျင်းရိခြင်းမရှိဘဲ နေ့စဉ် ကြိုးစား၍ အစာရှာသည်။ အငြိမ်မနေ လှုပ်ရှားနေသည်။ အကယ်၍ ကြက်မတစ်ကောင်သည် ပျင်းရိသောအသွင်နှင့် စားပြီးအိပ်၊ အိပ်ပြီးစား လုပ်နေသည်ဆိုပါက ထိုကြက်မနှားသို့ သင်သွားလျှင် တကွပ်ကွပ် (တဂုဂု) နှင့်အော်သည်။

သူအိပ်သောနေရာသို့ သင်သည်ရောက်သွားလျှင် သင့်ကို ထကိုက်တော့မည့် အမူအရာပြမည်၊ ထွက်ပြေးမည့်ပုံ မပြချေ။ ထိုအခြင်းအရာသည် ကြက်မဝပ်ခြင်း မည်ပါသည်။

သိပ္ပံပညာရှင်များ၏ စူးစမ်းလေ့လာချက်များအရ ကြက်မများသည် ဥ ၁၀ လုံးအုပြီးသောအခါ ဦးနှောက်အောက်ရှိ ဂလင်းကို ထုတ်လွှင့်သည်။ ထိုဂလင်းသည် ကြက်၏ကိုယ်အင်္ဂါများကို များစွာ ပြောင်းလဲစေသည်။ စိတ်ကို ငြိမ်သက်စေသည်၊ သတိကြီးလာစေသည်။ ကိုယ်ခန္ဓာသွေးစီးနှုန်းသည် လှည့်ပတ်မှု မြန်လာသည်၊ ကိုယ်အပူချိန်မြင့်တက်လာသည်၊ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းတွင် အမွေးလျော့နည်းလာသည်။ ထိုအခါ ကြက်မဝပ်လာတတ်သည်။

ဂင်းဂလင်းကို ကြက်ဖများသို့ ထိုးပေးသည့်အခါတွင် ကြက်မကဲ့သို့ ဝပ်တတ်ပါသည်။

သိပ္ပံမျိုးသန့်၏ ပတ်ဝန်းကျင်မှ သတ္တဗေဒ စာ– (၇၂–၇၃)

ကြက်မတွင် ဝပ်စိတ်ဖြစ်ပေါ်လာခြင်းမှာ ဥအနည်းအများ အုခြင်းနှင့်လည်း သက်ဆိုင်သည်။ ရာသီဥတုနှင့်လည်း သက်ဆိုင်ပါသည်။ များသောအားဖြင့် နွေကူးနှင့် မိုးဦးတွင် ဥကြက်မများပါ ဝပ်ချင်စိတ်ဖြစ်ပေါ်လာတတ်သည်ကို ဥစားကြက်ခြံများတွင် တွေ့ရတတ်ပါသည်။

အကယ်၍ ဝပ်နေသောကြက်မကို မဝပ်စေလိုပါက ဝါးလှောင်အိမ်တွင် ထည့်၍ လေတိုက်သောအမြင့်တွင် တင်ပေးခြင်းဖြင့် နှစ်ရက်၊ သုံးရက်ထားပါက ဝပ်ချင်စိတ်ပျောက်သွားပေမည်။ ရေတွင်နှစ်၍လည်း စိတ်ကိုပြောင်းပေးနိုင်ပါသည်။

မျက်နှာနီသောကြက်မသည် ဥအုလိမ့်မည်ဟူသော အဓိပ္ပာယ်

မျက်နှာနီသော ကြက်မကို ဥအုနိုင်သည်ဟု အဆိုရှိပါသည်။

ကြက်မ၏ မျက်နှာပိုင်းသည် အခြားအပိုင်း၏ အရေခွံနှင့် မတူချေ။ မျက်နှာအပိုင်းအောက် အရေခွံတွင် သွေးကြောများဖြင့် ပြည့်နှက်နေသည်။

ဥမအုသောအချိန်တွင် မျက်နှာပိုင်း၏ သွေးများ လှည့်လည်ခြင်း မပြင်းထန်ခြင်းကြောင့် အနည်းငယ်ခြောက်သွေ့နေသည်။

ကြက်အုသောအခါ မျက်နှာပိုင်းအရေခွံနှင့် ကြက်အမောက်သည် အတွင်းပိုင်းမှတက်ကြောင့် သွေးလှည့်လည်နှုန်းမြင့်လာပြီး အမောက်သည် ကြီးလာသည်။ မျက်နှာပိုင်းလည်း တင်းလာပြီး နီရဲနေသည်။ မျိုးဆက်များစွာတို့၏ လေ့လာချက်အရ ကြက်မ၏ မျက်နှာနီခြင်းသည် ဝမ်းဗိုက်တွင် ဥ စတင်ဖြစ်နေသည့်အချိန်ဖြစ်သည်ကို တွေ့ရသည်။

ထို့ကြောင့် ကြက်မမျက်နှာနီခြင်းသည် မျိုးပွားခြင်းအဖွဲ့ အပြောင်းအလဲ ဖြစ်နေပြီဟု သုံးသပ်နိုင်သည်။

ဥကြက်မများ အသက်ကြီးရင့်လျှင် မျက်နှာဖြူသော်လည်း ဥအုလေ့ရှိပါသည်။

ကြက်မများအုပြီး ဘာကြောင့် ကတော်–ကတော် မြည်ရသနည်း

မြန်မာ့ဟင်းစားကြက်မများ ဥအုပြီးသောအခါ ကတော်–ကတော်–ကတော်နှင့် မြည်ကြပါသည်။

ယင်းသို့မြည်ကြခြင်းမှာ မိခင်ဖြစ်ခြင်းကို ဂုဏ်ယူဝင့်ကြွားနေခြင်းဖြစ်သည်။ ထို့အပြင် ကြက်ဖကို အချက်ပေးခြင်းဖြစ်ပါသည်။

ကြက်မတစ်ကောင် ဥတစ်လုံးရရန် လွယ်ကူသောအလုပ်မဟုတ်ပါချေ။ အထူးသဖြင့် အမိစိတ်မြင့်မားသော ကြက်မများသည် ကြာရှည်စွာဝပ်ပြီးမှ ဥထွက်လာသည်။ အတိုဆုံးအချိန်မှာ ၁၀ မိနစ်မှ ၂၀ မိနစ်ဖြစ်ပြီး အချိန်ကြာရှည်သော ကြက်မမှာ နှစ်နာရီမှ လေးနာရီအထိ ကြာတတ်ပါသည်။

ကြက်မ ဝပ်ကျင်းသို့ဝင်ခါစ သွားရှာ့ဖမ်းလျှင် ကြက်မသည် ထပြေးပေမည်။ အချိန်အတော်ကြာမှ သွားရှာ့ဖမ်းလျှင် နှုတ်သီးဖြင့်ပေါက်သော်လည်း မပြေးတော့ပေ။

ထိုအချိန်တွင် ကြက်ဥစအိုဝသို့ ရောက်နေပေပြီ။ ကြက်မဝပ်သည့်နေရာနားတွင် ကြက်ဖက စောင့်နေတတ်သည်။ သို့ဖြစ်၍ အတန်ကြာနားပြီး ကတော်–ကတော်နှင့် ဆင်းလာသောကြက်မသည် မိခင်၏ကြွားဝါခြင်းဖြစ်သည့်အပြင် ကြက်ဖကြီးကိုလည်း အချက်ပေးခြင်း ဖြစ်တန်ရာပါသည်။

ကြက်ငယ်များ ဥမှဖောက်ထွက်သည်နှင့်တစ်ပြိုင်နက် ဘာကြောင့် အစာစားနိုင်သလဲ

အိမ်ကြက်၏ ဘိုးဘေးဘီဘင်သည် တောကြက်ရိုင်းမျိုးဖြစ်သည်။ ကြက်သည် ငှက်မျိုးရင်းတွင် ပါဝင်သည်။ ငှက်မျိုးတွင် စောစွာရင့်ကျက်ခြင်းနှင့် နောက်ကျရင့်ကျက်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။

နောက်ကျရင့်ကျက်ခြင်းသည် များသောအားဖြင့် ပျံနိုင်သောအမျိုးအစားဖြစ်သည်။ မွေးစတွင် ခေါင်းပြောင်၊ ကိုယ်ပျော့ပြီး မျက်စိဖွင့်မရဖြစ်သည်။ အမိငှက်မ၏ ပြုစုမှုဖြင့် ကြီးထွားလာသည်။ မိခင်ငှက်မက အစာရှာကျွေးခြင်း၊ အပျံသင်ပေးရခြင်း လုပ်ရသည်။ ယင်းတို့မှာ ယနေ့ပျံသန်းနေကြသည့် ငှက်မျိုးများဖြစ်သည်။

စောစွာရင့်ကျက်သော ငှက်မျိုးတွင် ကြက်၊ ဘဲတို့ ပါဝင်သည်။ ကြက်ငယ်မှာ ဥအကာမှ ဖောက်ထွက်လာသည်နှင့် မိမိဘာသာ အစာစားနိုင်သည်။ အမွေးအတောင်စုံလင်သည်။ မိခင်နှင့်အတူ အစာရှာထွက်နိုင်သည်။

ဥအကာမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် မိခင်နောက်လိုက်၍

အစာရှာဖွေနိုင်ခြင်းမှာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု သမိုင်းကြောင်းကို ဖွေရှာ တင်ပြအပ်ပါသည်။

စောစွာ ရင့်ကျက်သောဌက်မျိုးသည် အသိုက်ကို မြေပေါ်တွင်လည်းကောင်း၊ ရေပေါ်တွင်လည်းကောင်း ဆောက်ထားလေ့ရှိသည်။ ဤသို့ ဆောက်ထားခြင်းသည် သစ်ပင်ပေါ်လောက် လုံခြုံမှုမရှိချေ။ ရန်သူ၏ တိုက်ခိုက်ခြင်းကို ပို၍ခံရသည်။ ပတ်ဝန်းကျင်အခြေအနေသည် ထိုဌက်မျိုးကို စောစွာရင့်ကျက်အောင် လှုံ့ဆော်ပေးနေသည်။ ရန်သူနှင့်ဆုံမိသောအခါ ဥကွဲသိုက်ပျက်ဖြစ်ပြီး သားတခြား အမိတခြားဖြစ်ခဲ့လျှင် မိမိဘာသာ အစာရှာစားခြင်း၊ ရေကူးခြင်း၊ လမ်းလျှောက်ပြေးသွားခြင်း၊ ကာကွယ်ခြင်းများ ပြုလုပ်နိုင်ရန် သဘာဝကဖန်တီးပေးထားခြင်းဖြစ်သည်။

အိမ်ကြက်သည်တောကြက်မှ ပြောင်းလဲလာခြင်းဖြစ်သည်။ တောကြက်ကဲ့သို့ အန္တရာယ်မများတော့သော်လည်း မျိုးရိုး၊ ဗီဇကို မစွန့်နိုင်သေးချေ။ မျိုးဆက်သစ်၏ ကိုယ်ပေါ်တွင် မျိုးရိုး၏ ထူးခြားသော အမူအရာများ ကျန်နေခဲ့ပါသည်။ ထို့ကြောင့် ကြက်ဥမှ ဖောက်ထွက်လာသည်နှင့် အစာစားနိုင်ခြင်း၊ သွားလာနိုင်ခြင်းသည် မျိုးရိုး၏ ထူးခြားချက်ဖြစ်ပါသည်။

ကြက်တွန်သံ ဘာကြောင့်တွန်ပါသနည်း

ကြက်တွန်သံကို အစွဲပြု၍ မြန်မာ့ကျေးလက်ဓလေ့တွင် နာရီမှူးအဖြစ် တင်စားကြကြောင်း ဆိုခဲ့ပါပြီ။ သို့သော် ဘာကြောင့် စူးစူးရှရှ၊ တောင်ပံများ ရိုက်ခတ်၍ လောကအားလုံးကြားအောင် တွန်ကျူးရသနည်းဟု ရှေးဟောင်းသူမများ၏ ရိုးရာပုံပြင်တစ်ပုဒ်နှင့် အဖြေထုတ်တင်ပြလိုပါသည်။

ပလောင်ရိုးရာပုံပြင်များတွင် မှတ်သားရသည်မှာ ရှေးအခါက ကျေးငှက်တိရစ္ဆာန်များ အလှပြိုင်ကြသည့် ငှက်အလှပြိုင်ပွဲကြီးတစ်ခုကို တောတစ်နေရာတွင် ခမ်းနားစွာ ကျင်းပကြသည်။

ပြိုင်ပွဲကျင်းပရာတွင် ပွဲမရောက်မီကပင် သူ့ထက်ငါ လှအောင်ဆိုပြီး ငှက်ပန်းချီဆရာကြီးထံ သွားကြသည်။ ပထမဦးဆုံး သစ်တောက်ငှက်က ငှက်ပန်းချီဆရာကြီးထံသွားရောက်၍ အမောက်က အဝါရောင်နှင့် ပန်းရောင်၊ ကိုယ်လုံးက အနက်ရောင်နှင့် အဖြူရောင်၊ ခြေထောက်က အဝါရောင်၊ နှုတ်

သီးက အနီရောင် စသည်ဖြင့် လှသထက်လှအောင် ခြယ်သခိုင်းသည်။ ငှက် ပန်းချီဆရာကြီးက လုပ်ပေးလိုက်သည်။

ဒုတိယရောက်သွားသူမှာ ဥဒေါင်းငှက်ဖြစ်သည်။ လှသထက်လှအောင် ပန်းချီဆရာကြီးအား အစိမ်းနု၊ အစိမ်းရင့်၊ ရွှေရောင်၊ အပြာရောင်၊ အနက်ရောင်၊ အဖြူရောင်များဖြင့် အချိုးကျခြယ်သစေသည်။ ပန်းချီဆရာကြီးက အတတ်နိုင်ဆုံးခြယ်သပေးလိုက်၍ ဥဒေါင်းငှက်က အမြီးကိုဖြန့်၊ ခေါင်းကို ထောင်၍ ဟိုလှည့်သည်လှည့်ကာ သူ့အလှကို ကြွားပြသည်ဟူ၍ အဆိုရှိပါသည်။

တတိယတွင် ကြက်နှင့် ရစ်တို့ နှစ်ကောင် ရောက်သွားကြသည်။ ဥဒေါင်းထက်လှအောင် ခြယ်သခိုင်းသည် ဆိုပါသည်။

ပန်းချီဆရာကလည်း ဤမျှအလျင်လိုလှသော ငှက်နှစ်ကောင်ကို မြန်မြန်လုပ်ပေးမှဟုဆိုကာ ဆေးအသစ်မရှာတော့ဘဲ ရှိသည့်ဆေးလက်ကျန် ဥဒေါင်းကို ခြယ်သပေးလိုက်သည့် အရောင်ထဲမှ အနက်ရောင်နှင့်အဖြူရောင်၊ အခြားအနီရောင်တစ်ခုကိုယူကာ ကြက်ကိုခြယ်ပေးပြီး အများကကြည့်အောင် အော်ပြောတော့ဟု မှာလိုက်ပါသည်။

ထို့ကြောင့် ကြက်များသည် ယခုအခါ အများက သူတို့လှလား၊ မလှလား ကြည့်ရအောင် တွန်ပြသည်ဟု ဆိုပါသည်။

သို့ဖြစ်၍ ကြက်အကြောင်းကို ဖွဲ့ဆိုသည့် စာဆိုပညာရှင်များက စာဖွဲ့ရာတွင် ကြက်တွန်သံကိုပါအောင် ဖွဲ့ကြလေ့ရှိသည်မှာ ကြက်၏ ထူးခြားသော စရိုက်ကို၊ အလှကို ဂရုပြုမိလေခြင်းကြောင့်လားဟု စောကြောဖွယ် ဖြစ်ပါသည်။

စာဆိုရှင် ရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်သို့ ဘုရားဖူးအသွားတွင် တောလာရတုလေးပိုဒ်ကို သီကုံးခဲ့ရာတွင်–

* * တောကြက်တွန်မြူး၊ ကျေးငှက်ကြူး၍၊
သံကြူးမြည်စည်၊ စက်ရိပ်လည်၍ နေခြည်ဝင်မြောက်
ဆည်းဆာရောက်သော်၊ မျောက်ကကြိုးခွေ၊
ဒေါင်းအိုးဝေနှင့် × × × × ×
တစ်ဖန် ဆရာတော်သည် တောကြက်တောင်ပံခတ်ဟန်၊ တောကြက်

တွန်သံတို့ကို ရတုအချို့တွင် အလွမ်းသယ်သလို ဖော်ပြခဲ့သည်ကိုလည်း မှတ်သားရပါသည်။

မိုးလေဝသ ဟောကြမည်

မိုးလေဝသကို ဗေဒင်ဟောနိုင်သည့် တိရစ္ဆာန်ထဲတွင် ကြက်သတ္တဝါကို ထည့်သွင်းထားခြင်းမရှိပါ။ အများအားဖြင့် ဖား၊ ပုရွက်ဆိတ်၊ တောက်တ့ဲ၊ ဥဗျိုင်း၊ နွား၊ ငှက်တို့၏ မြည်သံ၊ အော်သံ၊ အသွားအလာ၊ အသိုက်ဆောက်လုပ်ပုံတို့ကို ကြည့်၍ ကြားနာ၍ မိုးရွာမည်၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း၊ ကောင်းမည်၊ ခေါင်မည်၊ လေပြင်းတိုက်ခိုက်မည်၊ ရေကြီးမည် စသည်ဖြင့် တွက်ချက်ကြသည်။

ဥပမာ–ဖားအော်လျှင် မိုးရွာမည်၊ တောက်တ့ဲမြည်သံသည် လေနှင့် မိုး ဘယ်ဟာလာမည်ကို ပြောနိုင်သည်။ နွားလားဥဿဖတွန်သံသည် မိုးသံ လေသံကြားရမည်။ ပုရွက်ဆိတ်နှင့် ဗျိုင်းတို့ အပြောင်းအရွှေ့ကိုကြည့်၍ မိုးရွာတော့မည်။ ငှက်များ အသိုက်မြင့်လျှင် မိုးကြီးမည်၊ အသိုက်နိမ့်လျှင် မိုးနည်းမည်၊ လေထန်မည် စသည့်အယူအဆများဖြစ်ပါသည်။

ကြက်တွန်သံနှင့်စပ်လျဉ်း၍ မုံရွေးဇေတဝန်ဆရာတော်၏ မှတ်စုတွင် အောက်ပါအတိုင်း ညွှန်ပြထားသည်ကို လက်ဆင့်ကမ်း ဖော်ပြအပ်ပါသည်–

– သင်္ကြန်ကျသည့်နေ့၊ အိမ်ကြက်အလျင်တွန်လျှင် မိုးဦးကောင်းမည်

– တောကြက်အလျင်တွန်လျှင် မိုးလျှင် မိုးနှောင်းကောင်းမည်။

– အိမ်ကြက်၊ တောကြက် အပြိုင်တွန်လျှင် မိုးလယ်ကောင်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိုးလေဝသ မှန်မှန်ဟော၊ တောက်တ့ဲကိုလူချော၊ တမ်းတ ရေရွတ်ဖွယ်မလိုပါ။ ကြက်တွန်သံကို ယှဉ်နှားစိုက်ပါလျှင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကောင်းမည်ကို ခန့်မှန်းနိုင်ပါပြီ။ ပုန်းမကြည်နတ်လည်း ကိုးစရာ မလိုတော့ပါဟု ဆိုချင်ပါသည်။

** မြန်မာ့ရိုးရာပုံပြင် စာတမ်းများ (ဒုတိယတွဲ) စာ–၂၁၂–၂၁၃

ကြက်ဘာကြောင့် ယက်သနည်း

ရှေးအခါက စွန်တစ်ကောင်နှင့် ကြက်မိသားစု တစ်စုတို့သည် မိတ်ဆွေဖြစ်ပါသည်။ ကြက်ဖနှင့် ကြက်မတို့သည် စွန်နှင့် အတော်ပင်ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိကြသည်။ စွန်တွင် လှပသော အမောက်တစ်ခုက ဦးခေါင်းထက်တွင်ရှိပြီး လည်ပင်းတွင် လှပသော ပုလဲသွယ်လည်ဆွဲတစ်ကုံးရှိပါသည်။

စွန်သည် ကြက်များထံသို့ အလည်လာလေ့ရှိသည်။ စွန်လာလည်တိုင်း ကြက်ဖနှင့် ကြက်မတို့က စားကောင်းသောက်ဖွယ်ရာရာများနှင့် ဧည့်ခံကျွေးမွေးလေ့ရှိပါသည်။ စွန်ကလည်း ကြက်မောင်နှံအား ပျံတတ်အောင်လေ့ကျင့်သင်ကြားပေးပါသည်။

တစ်နေ့တွင် ကြက်မကြီးက ကြက်ဖအား စွန်၏လည်ပင်းမှ ပုလဲသွယ်ကိုယူ၍ ဆင်မြန်းလိုကြောင်း ပူဆာသည်။ ကြက်ဖကြီးက မသင့်တော်ကြောင်း၊ မလုပ်နိုင်ကြောင်း ပြောသည်။ ကြက်မကြီးက စိတ်ကောက်ပြီး နေ့စဉ်နှင့်အမျှ ပုလဲသွယ်ရရန် ကြံစည်နေတော့သည်။

မကြာမီ အကြံတစ်ခုရ၍ တိုင်ပင်ပြန်သည်။ ရှင်– ကြက်ဖကြီး၊ စွန်ရဲ့ဦးခေါင်းပေါ်က အမောက်ကို မောင်ကြီးခေါင်းမှာ ပြောင်းတပ်ရရင် မလှဘူးလားတော်ဟု အကြံပြုပြောဆိုသည်။ ကြက်ဖကြီးကလည်း သဘောကျ နှစ်ခြိုက်လေသည်။

တစ်နေ့တွင် ထုံးစံအတိုင်း၊ စွန်သည် ကြက်ဖနှင့် ကြက်မတို့ထံ အလည်လာသည်။ ကြက်မောင်နှံက ဝေဝေဆာဆာ စားကောင်းသောက်ဖွယ်များအပြင် အရက်နှင့်ပါ ဧည့်ခံသည်။ စွန်က သဘောရိုးဖြင့် အရက်များ သောက်၊ အစားများစားသည်။ စွန်သည် နေရာတွင်ပင် မူးလဲသွား သည်။

ထိုအခါ ကြက်ဖလင်မယားသည် စွန်၏ အမောက်ကိုဖြုတ်၍ ကြက်ဖ၏ဦးခေါင်းတွင် တပ်ဆင်သည်။ ကြက်မက ပုလဲသွယ်ကိုဖြုတ်၍ သူမ၏ လည်ပင်းတွင်ဆွဲလေသည်။

အဆောင်အယောင် ဘယက်တန်ဆာများနှင့် လှပနေသည့် ကြက်မောင်နှံသည် အပေါင်းအသင်းများထံ ကြွားဝါရန် ထွက်ခဲ့ကြသည်။ ဘဲများ ကိုတွေ့၍ ကြွားဝါဟန်ရေးပြနေကြသည်။

ထိုအချိန်တွင် စွန်သည် အမူးပြေလာပြီး သတိပြန်ရလာသည်။ ကောက်ကျစ်စဉ်းလဲသော ကြက်လင်မယားဏ၏ လုပ်ရပ်ကို သိရှိသွားပြီး ဒေါသတကြီးနှင့် လိုက်ရှာတော့သည်။

ကြက်လင်မယားကိုတွေ့၍ စွန်ကပြေးလာသည်တွင် ကြက်ဖကြီးသည် တောတွင်းသို့ပြေးဝင်သွားသည်။ ကြက်မကမူ စွန်လာသည်ကို မမြင်လိုက်၍ ပက်ပင်းတိုးနေသဖြင့် စွန်ကုတ်ခြင်းကို ခံလိုက်ရသည်၊ စွန်က ကြက်မကြီး၏ လည်ပင်းမှ ပုလဲသွယ်ကို ခြေထောက်ဖြင့်ကုတ်လိုက်ရာ ပုလဲသွယ်မှာ ပြတ်ကျသွားပြီး ပုလဲလုံးများ လွင့်သွားသည်။ ပုလဲလုံးများ ဟိုတစ်လုံး သည်တစ်လုံးလွင့်၍ မြေပေါ်တွင် ပျောက်ကွယ်ကုန်သည်။

ထိုအခါ စွန်က၊ ကြက်သားငယ်ကလေးတစ်ကောင်ကို ကုပ်ချီရင်းဟဲ့ ကြက်မ ငါ့ပုလဲသွယ်ကို ရအောင်ရှာပေး၊ မရရင် နင့်ကလေးကို တစ်နေ့တစ်ကောင်ကျ ငါလာစားမည်ဟု ကြိမ်းဝါးရင်း အဝေးသို့ ပျံသွားတော့သည်။

ဒေါသကြီးသောစွန်သည် နောက်နေ့ ကြက်များထံ ပျံသန်းရောက်ရှိလာသည့်အခါ ကြက်ဖကြီးက ပြေးပုန်းသည်၊ ကြက်မကြီးကမူ ပြေးရှောင်မပုန်းနိုင်ဘဲ ကြက်ကလေးများနှင့်အတူ မြောင်းထဲတွင် ပျောက်သွားသည့် ပုလဲလုံးများကို ခြေထောက်နှင့် ယက်ရှာနေသည်။ သားတို့ရေ– သမီးတို့ရေ မြေပြင်မှာ ပုလဲကို ယက်ရှာကြပါဦး၊ ပုလဲလုံးတွေ့မှ စွန်ကြီးရန်က အေးမှာကွဲ့ ဟု တစ်တွတ်တွတ်ပြောကြားရင်း၊ မြေကြီးကို ယက်ရှာနေသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ ကြက်မိသားစု ဆွေစဉ်မျိုးဆက် မြေတွင်ယက်ကြရသည့်အကြောင်းရင်းပုံပြင်ဖြစ်ပါသည်။

ကြက်ဥကို ကွဲအောင်ညှစ်နိုင်သလား

ကြက်ဥကို လက်တစ်ဖက်တည်းနှင့် ကွဲအောင်မညှစ်နိုင်ပါ။ ကြက်ဥကို လက်ဝါးထဲတွင်ထည့်၍ ဘယ်လိုပင်အားထည့်၍ ညှစ်စေကာမူ ကြက်ဥက မကွဲနိုင်ပေ။

တရုတ်ရိုးရာပုံပြင်
မူးမူး (စွန်နှင့်ကြက်)၊ ပလုတ်တုတ်ဂျာနယ်၊ အတွဲ (၄) အမှတ် (၁၂)

ကြက်ဥညစ်၍ မကွဲရခြင်းအကြောင်းရင်းကား ကြက်ဥသည် ဝိုင်း၍ ရှည်မျောမျောပုံသဏ္ဌာန်ရှိသောကြောင့်ဖြစ်သည်။ ကြက်ဥကို ညစ်လိုက်သော အခါ ဥ၏ မျက်နှာပြင်တစ်ခုလုံးသို့ သက်ရောက်သော ဖိအားမှာ တူညီကြသည်။ (လက်ဝဲဘက်မှာ သက်ရောက်သောဖိအားသည်၊ လက်ယာဘက်မှ သက်ရောက်သောဖိအားကြောင့် ကျေပျက်သွားသည်) ထို့ကြောင့် ဖိအား၊ ညစ်အားမှာ ကွဲရန် မလုံလောက်သဖြင့် ကြက်ဥမကွဲခြင်းဖြစ်ပါသည်။

ကြက်ဥအခွံချွတ်နည်းကောင်း တစ်ရပ်

ကြက်ဥကျက်သည်နှင့် အေးအောင်မစောင့်ဘဲ အမာခံတစ်ခုခုပေါ်တွင် ခေါက်၍ အခွံချွတ်တတ်ကြသည်။ ထိုသို့ ခွာရသောကြက်ဥမှာ မညီမညာနှင့် အလွန်ရုပ်ဆိုးလှသည်။

လုံးချော၍ လှပသောကြက်ဥကို ရလိုပါက ဆူပွက်သောရေတွင် ပြုတ်ထားသောကြက်ဥကို ဆယ်ယူပြီး ချက်ချင်းရေအေးထဲသို့ နှစ်ထည့်လိုက်ရမည်။ ထို့နောက် ရေအေးထဲမှကြက်ဥကို ဆယ်ယူပြီး အမာခံပေါ်တွင်ခေါက်ကာ ခွဲလိုက်သော်၊ အလွန်ချောပြောင်လှပသော ကြက်ဥကို ရမည်ဖြစ်ပါသည်။

အချို့သောအရာဝတ္ထုမှလွဲ၍ အားလုံးသော အရာဝတ္ထုတို့သည် ပူလျှင် ကျယ်ပြန့်ပြီး အေးလျှင်ကျုံ့သော သဘောရှိသည်။

အပူချိန်ပြောင်းလဲမှုမကြီးမားသော အချိန် (သို့မဟုတ်) အပူချိန်ပြောင်းလဲမှု ညီညာစွာရှိသောအချိန်၌ မျှားစွာ မထင်ရှားလှသော်လည်း ကြီးမားသော အပူချိန်ပြောင်းလဲမှုဖြစ်သည့်အခါ အခွံနှင့်အကာတို့၏ ပြောင်းလဲချက်မှာ ထင်ရှားခြားနားပါသည်။

ဆူပွက်သောရေတွင် ပြုတ်ထားသည့်ကြက်ဥကို ဆယ်ယူ၍ ချက်ချင်းရေအေးထဲသို့ နှစ်ထည့်လိုက်သောအခွံမှာ တစ်မုဟုတ်ချင်း ကျုံ့သွားပြီး အကာနှင့် အနှစ်တို့မှာမူ နဂိုအပူချိန်၌ ရှိနေခြင်းကြောင့် အခွံနှင့်အကာတို့ကို ခွာယူလိုက်သကဲ့သို့ ဖြစ်နေပေသည်။ သို့ဖြစ်၍ အခွံနှင့် အသားကို တစ်ပါတည်း မပါအောင် ခွာယူနိုင်ခြင်းဖြစ်ပါသည်။

ကြက်ဥအစိမ်းနှင့် အကျက်ခွဲခြားနည်း

ကြက်ဥတစ်လုံးစီကို စားပွဲပေါ်သို့ တင်၍လှည့်ပါ။

လှည့်၍လည်နေသောကြက်ဥသည် အကျက်ဖြစ်ပါသည်။ လှည့်၍ လဲသွားသော ကြက်ဥသည် အစိမ်းဖြစ်ပါသည်။

ကြက်ဥအစိမ်းနှင့် အကျက်ခွဲခြားနည်း၏ အခြေခံသဘောတရားမှာ ကြက်ဥကျက်သည့်ကာလ အကာနှင့်အနှစ်ပါ တစ်ပါတည်းကျက်သွားသဖြင့် အစိုင်အခဲကြီးဖြစ်နေပါသည်၊ လှည့်လိုက်သောအခါ အခွံနှင့်အတူ အစိုင်အခဲကြီးပါ လှည့်ဝင်ရိုးနှင့်အတူလိုက်၍ လည်နေသည်၊ ကြက်ဥအစိမ်းမှာမူ အတွင်းမှ အကာနှင့်အနှစ်သည် အရည်ဖြစ်သဖြင့် လှည့်လိုက်သောအရည်မှာအခွံနှင့်အတူ မလည်နိုင်ဘဲ ရပ်တည်အင်နားရှား (Ineration)ကြောင့် ရပ်တန့်ရန်ကြိုးစားပေမည်။ ထို့ကြောင့် ကြက်ဥအစိမ်းကိုလှည့်၍ မလည်ခြင်း ဖြစ်ပါသည်။

ကြက်ဥအကောင်းနှင့် အပုပ်ခွဲခြားရန်

ကြက်ဥအကောင်းနှင့် အပုပ်ကိုအမြင်၊ အတွေ့ဖြင့် ခွဲခြားရန် မလွယ်ကူပါ။ ကြက်ဥအကောင်းနှင့် အပုပ်ကိုခွဲခြားလိုလျှင် ၄င်းကြက်ဥကို ရေထဲပစ်ထည့်လိုက်ပါ။ မြုပ်သွားလျှင် အကောင်း၊ ပေါ်လာလျှင် ကြက်ဥပုပ်ဖြစ်၏။

ဤသို့ဖြစ်ရခြင်းမှာ လတ်ဆတ်သောကြက်ဥ၏ သိပ်သည်းခြင်းသည် ရေထက်ကြီးပြီး ပုပ်သိုးသောကြက်ဥ၏ သိပ်သည်းခြင်းမှာ ရေထက်သေးသောကြောင့်ဖြစ်ပါသည်။

တစ်နည်းဆိုသော် လတ်ဆတ်သောကြက်ဥအတွင်း၌ လေအလွန်နည်းပါးရကား သိပ်သည်းခြင်းမှာ ရေထက်ကြီးသဖြင့် ရေတွင်နစ်မြုပ်ရလေသည်။ ပုပ်သိုးသောကြက်ဥမှာမူ ရက်ရှည်လကြာထားရှိသဖြင့် ဥအကာ (ပရိုတင်းဓာတ်) များ ပျက်ပြားလာပြီး အငွေ့များထွက်ရှိလာခြင်းကြောင့် လည်းကောင်း၊ ဥအတွင်းမှ တစ်စိတ်တစ်ဒေသသော ရေတို့၊ ဥအခွံရှိ အပေါက်ငယ်များမှ အငွေ့ပျံထွက်ကုန်ကြသောကြောင့်လည်းကောင်း၊ ဥ၏အလေးချိန်မှာ အကြီးအကျယ် လျော့သွားပါသည်၊ သို့ဖြစ်၍ ပုပ်သောကြက်ဥ ရေတွင်ပေါ်ရခြင်းဖြစ်ပါသည်။

❐

အခန်း (၃)

စာပေထဲက အသုံးအနှုန်း

ရှေးခေတ်မြန်မာများသည် အချိန်နာရီကိုသိနိုင်ရန် နေနာရီ၊ ရေနာရီ သဲနာရီများကို အသုံးပြုကြရသည်။ ထိုနာရီတို့မှာ ကိုယ်နှင့်တစ်ပါတည်း ယူဆောင်ရန် ခဲယဉ်းသည်။

ထို့ကြောင့် အချိန်နာရီကိုသိလိုလျှင် မြို့ပြရွှေနန်းတော်နှင့် မနီးမဝေး နေထိုင်သူများသည် နေ့စဉ်တီးခတ်ပေးသည့် ဗဟိုစည်သံကို နားထောင်၍ နာရီကို တွက်ချင့်သိနိုင်သည်။ ကျေးလက်တောရွာများတွင် နေ့၏အချိန်နာရီ ကို ကြက်တွန်သံနှင့် ခန့်မှန်းကြရသည်၊ ကြက်တွန်သံကိုသာ အားကိုးရ ရှာသည်။

* * ရွှေဒေါင်းဖန်ရှိန်၊ သူရိန်ကျင်းတယ်လေး

လင်းရွှေကြက်ဆော်...

ဟူသည့် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်ကဲ့သို့ နံနက်လင်းသည့် အချိန်မှစ၍ ကြက်သံကိုကြားလာရသည်။ ကြက်သံနှင့် အချိန်တွက်ဆကြ ရသည်။

ကြက်တွန်သံသည် အချိန်မှန်ရသည်၊ အချိန်မှန်မှန်တွန်သောကြက် ကိုမှ လူတို့အလေးအမြတ်ပြုသည်။ ကြက်မတွန်၍ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်းသည်ဟူသော စကားပုံလာအတိုင်း၊ ကြက်တွန်သံကို ကြက်ဖတွန်သံ ကိုသာ အတည်ယူပါသည်။ နားစိုက်ထောင်ကြပါသည်။

အချိန်မှန်တွန်လေ့မရှိသောကြက်မှာ မကြာမြင့်မီ ဟင်းအိုးထဲရောက် နိုင်ပေသည်။

ငါးရှဉ်ငါးဆယ်နိပါတ်တော်၊ ဧကနိပါတ်၊

အကာလရာဝီဇာတ်တော်တွင်၊ အချိန်မှန်စွာ မတွန်သဖြင့်၊ စည်းကမ်းမဲ့သော ထိုကြက်ဖကို ဗာရာဏသီပြည် ဒီသာပါမောက္ခဆရာကြီး၏ တပည့်များက စာကျက်ချိန်မမှန်၊ အိပ်ရေးပျက်ရသည်ဆိုကာ သတ်လိုက်ကြသည်။

ကြက်တွန်သံကို မှတ်သားနိုင်သည့်အဓိကမှာ မြန်မာကြက်မျိုးတို့၏ ထူးခြားသောဂုဏ်စွမ်းရည်ဖြစ်ပါသည်။ အခြားတိုင်းနိုင်ငံ ကြက်မျိုးများနှင့် မရောယှက်ဘဲ သီးခြားကိုယ်ပိုင် ဓလေ့ဘာသာဖြစ်ပါသည်။

ကြက်တွန်သံကို နာရီကိုက်မှတ်သားမှုကလည်း မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ရပ်ဟု ဆိုရပါမည်။

ကြက်တွန်သံ အချိန်အမှတ်အသား

ကြက်တွန်သံကို ကျေးလက်ပြည်သူများက အောက်ပါအတိုင်း အမှတ်ထားကြပါသည်။

အိပ်တန်းတက်	ကြက်တွန်သံ	ညနေ ၆ နာရီအချိန်
သူငယ်ဆိတ်	ကြက်တွန်သံ	ည ၈ နာရီအချိန်
သက်ကြီးခေါင်းချ	ကြက်တွန်သံ	ည ၁၀ နာရီအချိန်
သန်းခေါင်ကြက်	ကြက်တွန်သံ	ည ၁၂ နာရီအချိန်
ကြက်ဖရင်တီး	ကြက်တွန်သံ	ညသန်းခေါင်ကျော်
လုလင်ပြန် (နလမြန်ဟုခေါ်သည်)	ကြက်တွန်သံ	နံနက် ၂ နာရီ
ကြက်ဦးတွန်	ကြက်တွန်သံ	နံနက် ၄ နာရီအချိန်
လင်းကြက်	ကြက်တွန်သံ	နံနက် ၆ နာရီအချိန်

ကြက်တွန်သံသည် ရိုးရာစဉ်လာမပျက် ယနေ့တိုင် အများလက်ခံကြ၍ ပြောင်းလဲမှုမရှိသေးသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

မြန်မာစာပေယဉ်ကျေးမှုတွင်လည်း စာဆိုရှင်တို့က ကြက်တွန်သံကို သာ အလေးပေးဖွဲ့ဆိုထားကြသည်။

မြို့ပြရွှေနန်း၊ ရွှေကြာနန်းမှာ၊ နေထိုင်စံပျော်သည့် တောင်နန်းမတော် မိဖုရားက–

* * ရွှေမျက်နှာမရှင်ပြ၊ မမြင်ရရက်ကြာ၊
နှင်းခတဲ့သဠာမှာ၊ စက်ပါသော်ပျော်ဘူး၊
လင်းကြက်ကတွန်ဆော်၊ ရှန်းစည်တော်သုံးချက်ကကျူး* * *

ရွှေဘုံရွှေနန်းနှင့် အလှမ်းကွာမတတ်သာ၍ ကျေးလက်ဒေသသို့ ရောက်နေကြသူ မြို့ကြီးသားတို့သည် ကြက်တွန်သံကို မခံသာကြ၊ နားမယဉ်နိုင်ကြ၊ အချိန်နာရီမှန်မှန် တီးခတ်သည့်ရွှေဗဟိုစည်သံကိုသာ တမ်းတကြသည်။ လွမ်းဆွတ်ရသည်။

ထိုသို့လွမ်းဆွတ်ရသူတို့ကိုယ်စား စာဆိုပညာရှင်တစ်ဦးက

ရွှေဗဟိုရ်စည်သံများကိုလ၊
မကြားရကြာချေပြီ၊ လေးလရာသီ။ ။
တိုင်းဌာနီမဟုတ်ကယ်ပါပြီလို့၊
ကြက်သံကိုဗဟိုပြုရတယ်၊
တောရွာသူမို့။ ။

ဤကဗျာလေးသည် အဝေးရောက်မင်းမှုထမ်းများ နေပြည်တော်ကို လွမ်းဆွတ်ကြောင်း ပေါ်လွင်အောင် ပြဆိုနိုင်ခဲ့သည်သာမက အရှင်နှစ်ပါးမှ လည်း နယ်စွန်နယ်ဖျား ဝေးလံဒေသသို့ သွားရောက်အမှုထမ်းနေရသည့် မင်းညီမင်းသား မှူးမတ်ငယ်ကျွန်တော်များကို အောက်မေ့စေသည်၊ အမှတ်ရစေသည်။ ကံကောင်းသူတို့ နေပြည်တော်ပြန်ရသည့် တမ်းချင်းတစ်ပုဒ် ဖြစ်ကောင်းဖြစ်ပေမည်။

ငှက်အပေါင်းတို့တွင် ကြက်များသည် လူအတွက် အကျိုးပြုသော ငှက်တစ်မျိုးဖြစ်ပါသည်။ လူတို့ အလုပ်လုပ်ရာ၊ အနားယူရာတို့တွင် မမှေ့ မလျော့ရအောင် နာရီမှူးလုပ်၍ သတိပေးရရှာသည်။

ရှေးလူကြီးများသည် နာရီမပေါ်ခင်က အချိန်ကိုမှတ်ရာတွင် ကြက်တွန်သံကိုသာမက နေကိုကြည့်၍လည်း မှတ်သားကြသည်။ နေထွက်တပြု၊ နေထန်းတဖျား၊ ဆွမ်းခံဝင်ချိန်၊ ဆွမ်းခံပြန်ချိန်တို့ကို နံနက်ချိန်အတွက် မှတ်သားသည်။ ညနေပိုင်းတွင် နွားရိုင်းသွင်းချိန်နှင့် ညီအစ်ကို မသိတသိအချိန်စသည်ဖြင့် အချိန်မှတ်ရပေသည်။

ကျေးလက်မှ မြို့ပြတက်လာသူ၊ မန်းမနီးရေဝေး၊ ကျေးတောသားများ

အဖို့လည်း တောရွာသားများကဲ့သို့ ကြက်တွန်သံမကြားရဘဲ ရွှေဗဟိုရ်စည်သံကို ကြားရသည့်အခါ ဘဝင်မကျဖြစ်ရပြန်သည်။ ကြက်သံလောက်မှ နားမချို၊ ဗဟိုရ်ရိုက်ကျူး၊ နာရီမှူးကို သဘောမနှစ်ခြိုက်နိုင်အောင် ဖြစ်ရပါသည်။

ထိုအကြောင်းကို စာဆိုရှင် မောင်စံသူက မှာတမ်းဖွဲ့ထားသည်မှာ-

တို့တောရွာ
ပြောစရာအချိန်ဆောင်ရမှာဖြင့်
အိမ်ခေါင်အိပ်တန်းက၊ ချိတ်ပန်းတောင်ပံပွေလို့
ညောင်ကန်တွေ ဆူလှယ်တွန်မှဖြင့်
အရှယ်လွန် သူငယ်အိပ်ချိန်ဟု
အတိတ်နာရီ မှန်လိုက်တာက၊ ကြက်သံအကြား။
နားမချို
ခုများရွှေဗဟိုရ်တဲ့၊
နေညိုလျှင် ဒေါင်စိုင်းအောင်၊
နောင်ခိုင်း တဒှဒှနဲ့
ဆူလေသည် ဘယ်နယ့်မြို့ရယ်လို့
ရှင်ဘုရင်လူမော်တို့ရယ်၊
မင်းမို့ခံစား။ ။

ရွှေထီးရွှေနန်းရွှေကြာနန်းရိပ်တွင် ပျော်ပိုက်နေသူတို့၏ မြို့ပြလက္ခဏာ၊ ရွှေဗဟိုရ်စည်သံကို ကြက်သံလောက်မမက်ကြောင်း ဖော်ကျူးသည့် စာဆိုရှင်အတွေးကို အလေးအမြတ်ပြုရမည်သာဖြစ်ပါသည်။

တွန်သံချိုတဲ့ နာရီမှူး

မြန်မာကြက်များသည် ညဉ့်သုံးယံတွင် အချိန်မှန်မှန်တွန်ကျူးသည်ကို ဖော်ပြပြီးဖြစ်ပါသည်။ ဗဟိုရ်ရိုက်ကျူး နာရီမှူးဖြစ်သည့် ကြက်တွန်သံတို့သည် အချိန်မှန်သည်၊ တွန်ကျူးသည့်နာရီကို မှန်းဆတိုက်ဆိုင်ဖော်ပြရာတွင် ယနေ့အသုံးပြုသည့် နာရီများဖြင့် ရေတွက်ဖော်ပြခြင်းဖြစ်ပါသည်။

ရှေးမြန်မာတို့ အသုံးပြုသည့် ဗဟိုရ်စည်သံရိုက်ကျူးသည့် နာရီ

အမှတ်အသားသည် ယနေ့အသုံးပြုနေသည့် တစ်နေ့လျှင် ၂၄ နာရီ ရှိသည်ဆိုသည့် အမှတ်အသားမဟုတ်ပေ။ တစ်နေ့ကို နာရီ ၆၀ ပိုင်းခြားထားသည်။

ပွဲထဲက ဇာတ်မင်းသားကြီးများ၏ ဆိုင်းဆင့်သံတွင်

** သန်းခေါင်ယံ၊
ညောင်ကန်ကြက်တွန်သံထင့်၊
နာခံရင်း၊
ကျုပ်တရံဆိုင်းဦးမယ်။

ဆိုသည့် ကြက်သံကို သန်းခေါင်ယံနာရီဖြင့် နှိုင်းသွားသည်ကို တွေ့ရပါသည်။

သန်းခေါင်ယံအချိန်သည် ယနေ့စက်နာရီနှင့်ဆိုပါက ည ၁၂ နာရီ ဖြစ်သည်။ တစ်နေ့တာ ၂၄ နာရီကို နေ့ ၁၂ နာရီ၊ ည ၁၂ နာရီ ပိုင်းခြားရာတွင် နေထွက် ၆ နာရီ၊ နေဝင် ၆ နာရီ အကြမ်းဖျင်းပြောကြသည်။

ရှေးအခါက နာရီမှာ ယခုကဲ့သို့ စံတော်ချိန်နာရီမဟုတ်ချေ။ မြန်မာတို့၏ တစ်ရက်ကိုစံတော်ချိန်နာရီပေါင်း ၆၀ သတ်မှတ်သည်။ နေ့ည ၁၂ နာရီစီ အတူမထားပါ။ နေ့ ၃၀၊ ည ၃၀ နာရီအမျှ လတိုင်းမရှိပါ။ ပိုသည်လိုသည် ရှိပါသည်။

မြန်မာတို့သည် နာရီနှင့်ပတ်သက်၍ မှတ်လွယ်အောင် စာချိုးထားခဲ့သည်။

** ပတ်သာတံရှည်၊ တီးသံမြည်၊ လက်ဆည်ကန်စာရေး
တစ်ဆယ်လောင်းမည်၊ ထမ်းပိုးရည်၊ ယင်းသည်နာရီမေး
ဘွဲ့နှစ်လလည်၊ နေ့ဘို့ရည် ညဉ့်သည်အကြွင်းဆေး။ ။

ပထမစာကြောင်းတွင် အက္ခရာ ၁၂ လုံးသည် မြန်မာလအဖြစ် စာတစ်လုံးကျ တန်ခူးလကစသည်၊ တစ်လုံးစီသော အက္ခရာဖြင့် နံသင့်ဂဏန်းကိုလည်း ပြဆိုပါသည်။ ဥပမာ– ပတ်ဆိုသည့်စကားအရ တန်ခူးလသည် ကြာသပတေးနံ ၅ ဂဏန်းဖြစ်ပါသည်။

၁။	ပတ်	တန်ခူးလ	၅– ဂဏန်း ကြာသပတေး
၂။	သာ	ကဆုန်လ	၆– ဂဏန်း သောကြာ
၃။	တံ	နယုန်လ	၇– ဂဏန်း စနေ

၄။	ရှည်	ဝါဆိုလ	၈– ဂဏန်း ရာဟု
၅။	တီး	ဝါခေါင်လ	၇– ဂဏန်း စနေ
၆။	သံ	တော်သလင်းလ	၆– ဂဏန်း သောကြာ
၇။	မြည်	သီတင်းကျွတ်လ	၅– ဂဏန်း ကြာသပတေး
၈။	လက်	တန်ဆောင်မုန်းလ	၄– ဂဏန်း ဗုဒ္ဓဟူး
၉။	ဆည်	နတ်တော်လ	၃– ဂဏန်း အင်္ဂါ
၁၀။	ကန်	ပြာသိုလ	၂– ဂဏန်း တနင်္လာ
၁၁။	စာ	တပို့တွဲလ	၃– ဂဏန်း အင်္ဂါ
၁၂။	ရေး	တပေါင်းလ	၄– ဂဏန်း ဗုဒ္ဓဟူး

အထက်ပါဇယားအရ မည်သည့်လအတွက် သချာ်ဂဏန်းအသီးသီး ပြဆိုမည်ကို တွေ့ရပါသည်။

လက်ာ်ဒုတိယစာကြောင်းက တစ်ဆယ်လောင်းဟု ညွှန်းပါသည်။ ထို့ကြောင့် တစ်လ၊ တစ်လကို တစ်ဆယ်တိုးပေါင်းရသည်။

တန်ခူးလဆိုပါက ၅ ကို ၁၀ ပေါင်း ၁၅ ဖြစ်သည်။

ထမ်းပိုးရည်ဆိုသည်မှာ ယင်းပေါင်းထားသည့် ၁၅ ကို တစ်ဆယ်တိုးလိုက်သည့်အခါ ၃၀ ဖြစ်ပါသည်။ ဤသည် တန်ခူးလ၏ နေ့နာရီ ၃၀ နာရီ ရှိကြောင်းဆိုပါသည်။

တတိယပိုဒ်သည် ညဉ့်သည်အကြောင်းဆေးဆိုသောစကားအရ စံတော်ချိန် ၆၀ ကို နေ့နာရီ ၃၀ နုတ်ပါက ညနာရီ ၃၀ ကျန်ကြောင်း ပြဆိုခြင်းဖြစ်ပါသည်။

တစ်ရက်ကို နာရီ ၆၀ ဖြစ်၍၊ နေ့တာ အတိုအရှည်လိုက်၍ နေ့နာရီ ညနာရီများ ခြားနားထားပုံကို တစ်ဖက်တွင် တွေ့ရပါမည်။

လ	နေ့နာရီပေါင်း	ညနာရီ	တစ်ရက်နာရီပေါင်း
တန်ခူး	၃၀	၃၀	၆၀
ကဆုန်	၃၂	၂၈	၆၀
နယုန်	၃၄	၂၆	၆၀

ဒဂုန်ဦးစန်းငွေ၊ ကဗျာကပေးသော ဗဟုသုတများ (စာ– ၃၃–၃၅)

ဝါဆို	၃၆	၂၄	၆၀
ဝါခေါင်	၃၄	၂၆	၆၀
တော်သလင်း	၃၂	၂၈	၆၀
သီတင်းကျွတ်	၃၀	၃၀	၆၀
တန်ဆောင်မုန်း	၂၈	၃၂	၆၀
နတ်တော်	၂၆	၃၄	၆၀
ပြာသို	၂၄	၃၆	၆၀
တပို့တွဲ	၂၆	၃၄	၆၀
တပေါင်း	၂၈	၃၂	၆၀

ယင်း ၁၂ လတွင် ကြက်တွန်သံသည် လင်းကြက်ကို နံနက် ၆ နာရီ မှန်မှန်တွန်သည်ဟု မယူဆနိုင်တော့ပေ။ နေ့တာအတိုအရှည်အရ နံနက် နေထွက်ချိန်ပြောင်းလဲပါသည်။ ထို့ကြောင့် အရုဏ်တက်ချိန်ကို အနီးစပ်ဆုံးထွက် နိုင်သော်လည်း လင်းကြက်အချိန်မှာမူ ကြက်တို့သည် သဘာဝကိုလိုက်၍ အချိန်၊ နာရီ အတိုးအလျော့ပြုတတ်ကြောင်း မှတ်သားရပါသည်။

လင်းကြက်တွန်မြူး အရုဏ်ဦး

ဆရာမင်းသုဝဏ်၏ သပြေညိုကဗျာတစ်ပုဒ်ကို ဖတ်ရသည့်အခါ လင်းကြက်ဆော်ချိန်ကို ခန့်မှန်းတွေးမိပါသည်။

* * သူခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြည်မှာ တို့မေကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ. ရွှေဗဟိုရ်
လေချိုကသွေး။
လင်းကြက်ကဆော်

ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညိုရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။ ။

လင်းကြက်ဆော်သည့်အချိန်ကို ခန့်မှန်းတွက်ဆရပါလျှင် စံပြုရန်အတွက် ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံဗဟိုဒေသ လတ္တီတွဒ် ၂၀၊ မြောက်လောင်ဂျီတွဒ် ၉၇ ၃၀' အရှေ့အထွက်၊ နေဝင်၊ နေထွက် အချိန်ပြဇယားကို ဖော်ပြအပ်ပါသည်။

ရက်စွဲ	လအမည်	နေထွက်	နေဝင်
၁၅-၁-၉၆	ဇန်နဝါရီလ	၀၆၃၈	၁၇၄၀
၁၅-၂-၉၆	ဖေဖော်ဝါရီလ	၀၆၂၉	၁၇၅၉
၁၅-၃-၉၆	မတ်လ	၀၆၀၈	၁၈၀၉
၁၅-၄-၉၆	ဧပြီလ	၀၅၄၁	၁၈၁၉
၁၅-၅-၉၆	မေလ	၁၅၂၄	၁၈၂၉
၁၅-၆-၉၆	ဇွန်လ	၁၅၂၀	၁၈၄၁

နေထွက်ဇယားကို လေ့လာပါက လင်းကြက်တွန်ကျူးသည့် အစောဆုံးလသည် ဇွန်လဖြစ်၍ နံနက် ၅ နာရီ ၂၀ မိနစ်တွင် နေထွက်ပါသည်။ ဝါဆိုလ (ဇွန်လ) သည် ညတာတိုသည့် မြန်မာလဖြစ်ကြောင်း တွေ့ရှိရပါသည်။ ညတာရှည်သည့် ပြာသိုလ (ဇန်နဝါရီ) လတွင် နေထွက်ချိန်မှာ နံနက် ၆ နာရီ ၃၈ မိနစ် နောက်အကျဆုံး တွေ့ရပါသည်။

သို့ပါ၍ လင်းကြက်ဆော်သည့်အချိန်ကိုမူ နေထွက်စ အရုဏ်ကျင်းသည့်အချိန်များမှ တစ်နေ့နှင့်တစ်နေ့၊ တစ်လနှင့်တစ်လ မတူညီကြပါ၍ ကွင်းထက်မှ လင်းကြက်တွန်သံချိုကို ဖြည့်စွက်ခန့်မှန်း နာရီပြောင်းကြပါဟု တင်ပြလိုပါသည်။

၁၅-၁-၉၉ ရက်နေ့ ကြက်တွန်သံကိုလေ့လာရာတွင် လင်းကြက်သည် နံနက် ၆ နာရီ ၅ မိနစ်မှစ၍ ၁၅ မိနစ်အထိ တွန်ကျူးနေသည်ကို တွေ့ရပါသည်။ လင်းကြက်တွန်သံဟု ယူဆသော် ရနိုင်ပါသည်။ လင်းရောင်ပျို့လာပြီ

ဖြစ်သောကြောင့် ကြက်များ ၆ နာရီ ၁၉ မိနစ်တွင် အိပ်တန်းမှ ဆင်းလာကြပါသည်။

သို့ပါ၍ လင်းကြက်ဆော်သည့် နာရီချိန်ကို နံနက် ၆ နာရီဟု ယေဘုယျပြခြင်း အဆိုအမိန့် မှန်ကန်နီးစပ်မှု ရှိပါသည်ဟု ထောက်ခံတင်ပြရမည်သာ။

လင်းကြက်သည် နေထွက်မည်ကို အမှတ်အသားပေးသည့် တွန်သံဖြစ်ပါသည်။ ရောင်နီလာ အရောင်ပျို့ခြင်းကို အရောင်တက်ချိန်၌ တွန်ကျူးကြပါသည်။ မြန်မာတို့၏ အစဉ်လာမှတ်သားမှုရှိသည်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

အရောင်ဦး

နေအရောင်အောင်လံစိုက်တော့ ဒေါင်မရေ ကလိုက်ချည်စမ်း... ဆိုသည့် စာဆိုရှင်၏အရောင်ကို မျှော်တမ်းသည့်အချိန်သည် လင်းရောင်ပျို့သည့် ရောင်နီလာချိန်ဖြစ်ပါသည်။ မြန်မာ့ကြက်တွန်သံချိုသည် အရောင်ဦးလေပြည်နှင့်အတူ သံသာသာ ခွန်းဆင့်လာသည်။

ယင်းအရောင်တက်ချိန်ကို ရှေးမြန်မာကြီးများသည် ၁၂ လအတွက် စက်နာရီ တစ်နေ့ (၂၄) နာရီ အချိန်တွက်ဆ၍ အောက်ပါအတိုင်း လက်ံာရေးသီမှတ်သားခဲ့ပါသည်။

လက်ံာစာသွား	လအမည်	အရောင်တက်ချိန်
ကူး၊ ပြန်၊ နှင်၊ ထွေး	တန်ခူး	၅–၁၀
ဆုန်၊ လေ၊ ပေါ်နေ	ကဆုန်	၄–၅၀
ဖြူ၊ ယုန်၊ ဝေ၊ ဝေကပ်	ကဆုန်– နယုန်	၄–၄၀
ဆို၊ လပ်၊ စာတော်	ဝါဆို	၄–၃၀
ခေါင်၊ လှော်၊ လူကို	ဝါခေါင်	၄–၄၀
လင်း၊ လူ၊ မထွေး	တော်သလင်း	၄–၁၀
ကျွတ်၊ မေး၊ နင်တို့	သီတင်းကျွတ်	၅–၀၀
မုန်း၊ ဘို့၊ အောနေ	တန်ဆောင်မုန်း	၅–၁၀
တော်၊ မြေ၊ ကျော်ဌေး	နတ်တော်	၅–၂၀

ပြာ၊ ပေး၊ ဆန်တောင်း	ပြာသို	၅–၃၀
တွဲ၊ ပေါင်း၊ ခေါ်နော်	တပို့တွဲ	၅–၂၀
ပေါင်း၊ ပျော်၊ အထွက်	တပေါင်း	၅–၁၀

အရုဏ်တက်၊ မပျက်လို့ရေ၊ နာရီပိုင်း၊ လတိုင်းမှတ်ယူပါလေ၊
ကဝိများ ထားခဲ့ဥပဒေ× × ×

လက်ဆရာ၏ အဆိုအမိန့်ကိုက်ညီခြင်းရှိ၊ မရှိကို အဆိုပါလများ၏ နေ့နာရီ၊ ညနာရီများနှင့် တွက်ဆပါက လင်းရောင်ပျို့ပြီး နေထွက်ချိန်များနှင့် အချိန်ကိုက်ဖြစ်သည်ကို တွေ့ရပါသည်။

သို့ပါသော်လည်း အချိန်ကာလကလည်း ရွှေ့လျား၊ တိရစ္ဆာန် ကြက်သတ္တဝါ၏ ရင့်ညောင်းမှုကာလကလည်း ရှည်ကြာသည်ဖြစ်၍ အနည်းနှင့် အများ ကိုက်ညီမှုကွဲလွဲသည်ရှိသော်လည်း ပညာရှင် အဆိုအမိန့်သည် လင်းအရုဏ် အချိန် ကြက်တွန်သံနှင့် ကိုက်ညီသည်ဟု တင်ပြလိုပါသည်။

ဝိနည်းတော်လာ အရုဏ်တက်ချိန်

အရုဏ်တက်ချိန်သည် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် အရေးကြီးလှသည်။ အရုဏ်တက်ချိန်ရောက်မှ ဆွမ်းစားခြင်းအမှုကို ဝိနည်းသိက္ခာနှင့်အညီ ကျင့်ကြံရပါသည်။

တန်ခူးလနှင့် သီတင်းကျွတ်လတို့တွင် နံနက် ၅ နာရီတွင် အရုဏ်တက်သည်။ ကဆုန်လမှ၊ ဝါဆိုလတိုင်အောင် ၁၀ မိနစ်စီလျော့သည်။ ဝါဆိုလ၌ ၄:၃၀ အချိန်သည် အစောဆုံးအရုဏ်တက်ချိန်ပင် ဖြစ်သည်။ ဝါထပ်လျှင် ဒုတိယဝါဆိုလလည်း ဤအတိုင်းပင်ဖြစ်သည်။ ဝါခေါင်လမှစ၍ တစ်လလျှင် ၁၀ မိနစ်စီတိုးသည်။ တပို့တွဲလမှစ၍ တန်ခူးလတိုင်အောင် တစ်လလျှင် ၁၀ မိနစ်စီလျော့သည်။ ထို့ကြောင့်–

တန်ခူးလ	အရုဏ်တက်ချိန်	၅– နာရီ
ကဆုန်လ	။	၄:၅၀– နာရီ
နယုန်လ	။	၄:၄၀– နာရီ

ဝါဆိုလ	။	၄:၃၀– နာရီ
ဝါခေါင်လ	။	၄:၄၀– နာရီ
တော်သလင်းလ	။	၄:၅၀– နာရီ
သီတင်းကျွတ်လ	။	၅ – နာရီ
တန်ဆောင်မုန်းလ	။	၅:၁၀– နာရီ
နတ်တော်လ	။	၅:၂၀– နာရီ
ပြာသိုလ	။	၅:၃၀– နာရီ
တပို့တွဲလ	။	၅:၂၀– နာရီ
တပေါင်းလ	။	၅:၁၀– နာရီ

အရုဏ်တက်ချိန်ကို ထပ်မံရှင်းရမည်ဆိုသော် သူရိယနေမင်းသည် လည်းကောင်း၊ စက်နာရီသည်လည်းကောင်း တစ်လလျှင် ၁၀ မိနစ်စီခုန်၍ တိုးသွား၊ လျော့သွားခြင်းမဟုတ်ပါ။ အစဉ်အတိုင်းသာ တရွေ့ရွေ့တိုးလျှော့သည်။ သို့ဖြစ်၍ ၃ ရက်တစ်ကြိမ် တစ်မိနစ်စီတိုး၊ လျော့သည်ဟု အမှတ်ပြုကြပါသည်။ ယင်းအရုဏ်တက်ချိန်သည် မန္တလေးဗီဇနာ ဖြစ်သည်။ အရှေ့အနောက်လောင်ဂျီတွဒ် တိုး၊ လျော့တိုင်း ၄ မိနစ်ကွာခြားပါသည်။

ကြက်တစ်တွန်သာ လိုက်ရမည်၊ မီးတစ်မြင် မလိုက်ရ

သံသရာခရီးသည်တို့အတွက် ရည်ညွှန်းဟန်မတူပါ။ တောလိုက်မုဆိုးများအတွက် ထားခဲ့သည့်စကားပုံဟု တင်ပြချင်ပါသည်။

ကြက်တစ်တွန်သည် အကွာအဝေးဘယ်လောက်ခရီးတွင် ကြားနိုင်မည်နည်း။ မီးကို အကွာအဝေးမည်မျှ၌ မြင်နိုင်မည်နည်း။ ဆန်းစစ်ကြည့်ပါက စကားပုံကို ရှင်းလင်းဖွယ် မလိုပါ။

ကြက်တစ်တွန်ထက် မီးတစ်မြင်က အလှမ်းပိုကွာဝေးချိမ့်မည်ဖြစ်ပါ၏။ မီးတစ်မြင်သည် မြစ်တစ်ဖက်မြင်နိုင်၏။ တောင်တစ်လုံးနှင့် တစ်လုံးမြင်နိုင်၏။ အကွာအဝေး မျက်စိတစ်ဆုံးမြင်နိုင်ပါသည်။ ခန့်မှန်း၍မရပါ။ စာရေးသူ မင်းတပ်မြို့သို့ရောက်သောအခါ ချောက်မြို့မှ မီးရောင်ကို လှမ်း

တံခွန်တိုင်မှာ၊ သုသာန်ဗောဓိကျောင်း အရှင်ဩဘာသဝယ် ဝိနည်းဥပဒေတော်ကြီး စာ ၂၀၈–၂၀၉

မြင်နေရသည်။ ထို့အတူ ဝိတိုရိယတောင်ထိပ်မှ ပို၍မြင်နိုင်သည် ခရီးကွာ လှမ်းပါသည်။

မြန်မာတို့သည် အရပ်အကွာအဝေး အတိုင်းအတာကို တိရစ္ဆာန်တို့၏ အသံနှင့် ဥပမာပြုခဲ့သည်မှာ ချစ်ခင်ဖွယ်ကောင်းသည့် ရိုးရာဓလေ့ဖြစ်ပါသည်။

ကြက်တစ်တွန်
စွန်တစ်ဝဲ
ခွေးတစ်ဟောင်
ဆင်တစ်အစ်
ကျားတစ်တစ်
ဒေါင်းတစ်တွန်
သမင်တစ်ဟောက်
ချေ (ဂျီ) တစ်တောက်
စသည် စသည် များစွာရှိပါသည်။
သမင်ကတောက်၊ ချေကဟောက်သနှင့်
မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေ၍× × ×

စသည့်လင်္ကာသည် တိရစ္ဆာန်တို့ ဘာသာဘာဝ တွန်ကျူးအော်မြည်သံကို ဖွဲ့ဆိုထားပါသည်။

မြန်မာတို့သည် အမှုမဲ့အမှတ်မဲ့မနေကြ။ သိပ္ပံခေတ်၏ ရှေ့ပြေးကိုက်၊ ပေ၊ လက်မ၊ မိုင်နှင့် မီတာ၊ ကီလိုမီတာများ မပေါ်ပေါက်ခင်ကပင် လက်သစ်တော်နှင့် ယူဇနာပေါင်းတွက်ခဲ့ကြသည်။ မြေပြင်တွင်၊ ဓကတွေ၊ ဟက်တာတွေ၊ ဧရိယာတွေနှင့် မရင်းနှီးခင်က တစ်ယောက်စိုက်၊ တစ်ကြိတ်စိုက်၊ တစ်တုံးထွန်၊ နှစ်တုံးထွန် တစ်ကြိုး၊ နှစ်ကြိုးစသည်ဖြင့် လယ်၊ ယာမြေအကျယ်အဝန်းကို မှတ်တမ်းတင် တွက်ဆနိုင်ခဲ့ကြသည်။

သို့ပါ၍ အကွာအဝေးခန့်မှန်း၍ မိုးတိမ်ကျမည့် လေပြင်လျှပ်စစ်လက်သည့်ကာလကိုပင် တွက်ဆနိုင်သည့် မြန်မာ့ပညာစွမ်း ကိုက်ပေလက်မ မဖွဲ့ဘဲ ခြေဖဝါးလက်သစ်တို့ဖြင့် တိုင်းတာ၍ တည်ဆောက်ခဲ့သည့် ဗိသုကာပညာရပ်များသည် ယနေ့ကမ္ဘာကပင် ပုဂံကို လေးစားနေရဆဲဖြစ်ပါသည်။

ခေတ်ကာလအခေါ်အဝေါ် ပေ၊ လက်မတို့ဖြင့် အကွာအဝေးများကို

ချင့်ချိန်ပါက–

ကြက်တစ်တွန်	ပေ ၂၀၀၀ ခန့်။
ခွေးတစ်ဟောင်	ပေ ၂၅၀၀ ခန့်။ (တောခွေး)
ဒေါင်းတစ်တွန်	ပေ ၃၀၀၀ ခန့်။
စွန်တစ်ဝဲ	ပေ ၄၀၀၀ ခန့်။
ကျားတစ်ထစ်	တစ်တောင်ကျော်ကွာသည်။

ထို့အတူ စွန်တစ်ဝဲသည်လည်း အညာယာကြီးသမားတို့က သူ့ယာကြီးသည် စွန်တစ်ဝဲမျှ ကျယ်ပါသည်ဟု ခိုင်းနှိုင်းကြခြင်းဖြစ်ရာ မိုင်ဝက်နီးပါးမျှ ဝဲနိုင်ကြောင်း ပြဆိုပါသည်။

အခန်း (၄)

အသွင်အပြင်

ကြက်သည် ၄က်မျိုးဖြစ်ခြင်းကြောင့် ၄က်တို့ကဲ့သို့ပင် အမွေးအတောင်များပါသည်။ ၄က်တို့ကဲ့သို့ သွားများမရှိချေ။ အနည်းငယ်ပျံသန်းနိုင်သည်။

အမွေးအတောင်များသည် ကိုယ်ငွေ့ကိုထိန်း၍ အအေးကိုကာကွယ်သည်။ ထို့ကြောင့် ရာသီဥတုမရွေး ကြက်များသည် အသက်ရှင်နေထိုင်နိုင်သည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းတွင် ကြက်ရှိခြင်းဖြစ်ပါသည်။

ကြက်၏ ကိုယ်ခန္ဓာသည် တုတ်ခိုင်သော လွန်းပုံဖြစ်သည်။ ကွေးနိုင် ဆန့်နိုင်သော လည်ပင်းနှင့် ထောင်နေသည့်ဦးခေါင်းရှိသည်။ ရှေ့ဘက်ခြေလက်တစ်စုံ သည် ကျောဘက်မှထွက်လျက်ရှိပြီး ပျံသန်းနိုင်ရန် ပြုပြင်ပြောင်းလဲမှုဖြစ်ပြီး အတောင်ပံတစ်စုံဖြစ်နေသည်။

နောက်ဘက်တစ်စုံသည် ခြေများဖြစ်သည်။ ကြွက်သားများသော ပေါင်၊ သေးသွယ်သောခြေသလုံးနှင့် ခြေသည်းများရှိသော ခြေချောင်းများပါဝင်သည်။ ကြက်တို့တွင် အများအားဖြင့် ခြေချောင်းငယ်လေးချောင်းစီသာ ရှိသည်။ အင်္ဂလိပ်ကြက် ဒေါ့ကင်းနှင့် ပြင်သစ်ကြက် ဟူးဒန်းမျိုးတို့တွင် ခြေချောင်းငယ် ၅ ချောင်းစီပါရှိပါသည်။

မြေကြီးကိုယက်၍ အစာကို ရှာဖွေစားသောက်နိုင်ရန် ကြက်၌ သန်စွမ်းသောခြေထောက်၊ ခြေချောင်းငယ်များနှင့် ထက်မြက်သောနှုတ်သီးရှိသည်။ ခြေထောက်၌ ကြက်ဖတို့တွင် အတက်များရှိသည်။ ထိုအတက်သည် ကြက်ချင်းခွပ်သောအခါ စူးရှစေသည့်လက်နက်ဖြစ်သည်။

တိုသောအမြီးပိုင်းသည် ပျံသန်းသောအခါ ယက်တောင်သဖွယ် ပြန့်ကားသွားသည်။ အမြီးပိုင်းတွင် ရှည်သောအမွေးများ ရှိသည်။

ပါးစပ်သည် ရှည်ထွက်ကာ သေးသွယ်မာကျောသော နှုတ်သီးဖြစ်နေသည်။ အပေါ်မေးရိုး၌ နှာခေါင်းပေါက်တစ်စုံရှိသည်။ ကြက်တို့တွင် သွားမရှိဘဲ ချွန်ထက်သောနှုတ်သီးက အစာကိုပေါက်ခွဲစားနိုင်သည်။ ခေါင်း၏ဘေးတစ်ဖက်တစ်ချက်တွင် ကြီးမားသော မျက်လုံးတစ်စုံစီရှိသည်။ မျက်လုံးများကို ဖုံးအုပ်လျက် အပေါ်မျက်ခွံနှင့် အောက်မျက်ခွံတို့ရှိသည်။ ထို့ပြင် ယင်းတို့အောက်တွင် ထိုးဖောက်မြင်သာပြီး မျက်လုံးပေါ်၌ သီးခြားလှုပ်ရှားနိုင်သော တတိယမျက်ခွံလည်းရှိသည်။ မျက်လုံး၏နောက်တွင် ငှက်မွေးများ ဖြင့်ဖုံးနေသော နားဝရှိသည်။

ကြက်ဖတို့တွင် ခေါင်းပေါ်၌ အမောက်ရှိခြင်းနှင့် တွဲလျားကျနေသော ပါးပျဉ်းများရှိခြင်းသည် ကြက်မထက် ပို၍ကြီးသည်။ ထင်ရှားလှပသည်။ အမောက်တို့မှာ ကြက်မျိုးအချို့တွင် သေးငယ်၍၊ အချို့တွင် ကြီးမားသည့် အပြင် တစ်ထပ် နှစ်ထပ် စသည်ဖြင့် ရှိကြသည်။

စအိုဝသည် အမြီးရင်းအောက်ဘက်၌ ဖြစ်သည်။ ကြက်တို့၏ ကိုယ်ပေါ်၌ လျှော့ရဲစွာဖုံးအုပ်နေသော အရေပြားသည် ဂလင်းများမရှိ၍ ခြောက်သွေ့နေသည်။ ဂလင်းဟူ၍ အမြီးရင်းအပေါ်ဘက်တွင်ရှိသော အဆီဖုဂလင်း (အဆီဗူး) တစ်ခုသာပါရှိသည်။ ယင်းဂလင်းမှ စစ်ထုတ်ရည်သည် နှုတ်သီးကို ကျွတ်ဆက်ခြင်းမှ ကာကွယ်ပေးသည့်အပြင် ကြက်မွေးများကို ပြုပြင်ရာတွင်လည်း အထောက်အကူပြုသည်။

ကြက်၏ကိုယ်ပေါ်၌ရှိသော ထောင်ပေါင်းများစွာသော ငှက်မွေးတို့သည် အပြင်အရေပြားလွှာမှ ထွက်ပေါ်လာသော အစိတ်အပိုင်းများဖြစ်သည်။ အလွန်ပေါ့ပါးပျော့ပျောင်းပြီး ယင်းတို့အကြားတွင် လေကွက်လပ်ငယ်များရှိသည်။ ငှက်မွေးများသည် တစ်ခုနှင့်တစ်ခု ထပ်ကာ ကြက်ကို ချောမွတ်သော ပုံသဏ္ဌာန် ပေါ်စေသည်။ အရောင်မျိုးစုံဖြင့် လှပစေသည်။ မြန်မာတို့က ကြက်မွေးအရောင်ဖြင့် မျိုးရိုးသတ်မှတ် ခေါ်ဝေါ်ကြသည်။

ကျယ်ပြန့်သော တောင်ပံမွေးများနှင့် အမြီးမွေးများသည် ပျံသန်းရာတွင် အထောက်အကူပြုသည်။ အရိုးများအတွင်း၌ အခေါင်းရှိ၍ ပေါ့ပါးသည်။ ခြေလက်တို့နှင့် ဆက်သွယ်သော ကြွက်သားများသည် အထူးဖွံ့ဖြိုး၍ လျင်မြန်စွာ သွားလာစေနိုင်သည်။ ရင်အုပ်ကြွက်သားများသည် ပျံသန်းခြင်း